မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော် အတူတကွ လက်တွဲရင်ဆိုင်ဖြေရှင်း

ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်ပြီး နိုင်ငံတော်နဲ့ တပ်မတော်ကို ဖြိုခွဲဖို့ ကြံစည်ကြိုးစားလာတဲ့ မည်သည့်အန္တရာယ် အခက်အခဲကိုမဆို နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ စွမ်းအားစုကြီးသုံးရပ် ပေါင်းစည်းတဲ့ အင်အားနဲ့ တွန်းလှန်ချေမှုန်းသွားမှာပဲဖြစ်တယ်။ သမိုင်းတစ်လျှောက် နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော် အတူတကွ လက်တွဲပြီး အခက်အခဲ အကျပ်အတည်းတွေကို အကြိမ်ကြိမ် အခါခါ ရင်ဆိုင်ကျော်လွှားဖြေရှင်းနိုင်ခဲ့တဲ့ သာဓကတွေ အမြောက်အမြား ရှိခဲ့ပြီးဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဆင်းပွဲမိန့်ခွန်းမှ-

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

နိုင်ငံတော်၏ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကိုအခြေခံပြီး လျှပ်စစ်ဓာတ်အားများ နှစ်စဉ်တိုးတက်ရရှိရေး ကြိုးပမ်းထုတ်လုပ်လျက်ရှိ၊ မဝေးတော့သော အနာဂတ်ကာလတွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားများ ဖူလုံပိုလျှံသည့်အခြေအနေသို့ ရောက်ရှိလာမည်

နေပြည်တော် ဒီဇင်ဘာ ၃၀

မျက်မှောက်ခေတ်၏ ဖွံ့ဖြိုးတိုးတက်မှုခြေလှမ်းသည် အောင်မြင်မှုဆီသို့ တက်လှမ်းနေပြီဖြစ်သည်။ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံအသစ်များနှင့် နိုင်ငံပိုင်စက်ရုံကြီးများ တိုးတက်ဖြစ်ထွန်းလာပြီး စက်မှုကဏ္ဍ တိုးတက်မှုအရှိန် မြင့်မားလာသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌လည်း ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားလာသည့်အပြင် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တိုးချဲ့သုံးစွဲလာနိုင်ကြပြီဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

သတင်းဆောင်းပါး	- မောင်စောဝင်း
ဓာတ်ပုံမှတ်တမ်း	- မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု	- လှဲလှဲဝင်း (မြန်မာ့အလင်း)



မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ မြစ်ငယ်မြစ်ပေါ်၌ အလျား ၂၂၆၄ပေ၊ အမြင့် ၄၃၃ပေရှိ RCC ကွန်ကရစ်အမျိုးအစားဖြစ်ပြီး ရေအားဖြင့် လျှပ်စစ်ဓာတ်ထုတ်ယူမည့် မြန်မာနိုင်ငံ၏ အကြီးစား ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးကို ဤသို့ ထည်ဝါစွာတွေ့ရသည်။ (အဆိုပါ RCC တမံသည် ကမ္ဘာပေါ်၌ အကြီးဆုံး RCC တမံစာရင်း၌ တစ်ခုအပါအဝင်ဖြစ်သည်။)

ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ ရက်)

နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည်

မြန်မာနိုင်ငံသည် ဘီစီ(၃)ရာစုမှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇ်နိုင်ငံငယ်များ ထူထောင်လျက် ကိုယ့်မင်းကိုယ့်ချင်းဖြင့်၊ ကိုယ့်ထီးကိုယ့်နန်းဖြင့် နေထိုင်လာခဲ့သည့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။

ပုဂံခေတ်တွင် အနော်ရထာမင်းသည် ပထမမြန်မာနိုင်ငံတော်ကို လည်းကောင်း၊ တောင်ငူခေတ်တွင် ဘုရင့်နောင်မင်းသည် ဒုတိယမြန်မာနိုင်ငံတော်ကို လည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရားကြီး၏ ဦးဆောင်မှုဖြင့် တတိယ မြန်မာနိုင်ငံတော်ကို လည်းကောင်း ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ ထူထောင်နိုင်ခဲ့သည်။

ယင်းကဲ့သို့ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်မှာ ရှေးမင်းအဆက်ဆက်ကပင် ဖြစ်သည်။ ၁၈၂၄ခုနှစ်တွင် နယ်ချဲ့သမားတို့ ကျူးကျော်စစ်မီးမွှေးကာ သွေးထိုးလှုံ့ဆော်မှုကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရကာ လွတ်လပ်ရေးပါ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

၁၉၄၈ခုနှစ်တွင် နိုင်ငံလွတ်လပ်ရေးအောင်ပန်း ပြန်လည်ဆွတ်လှမ်းနိုင်ခဲ့ခြင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင် မခံချိအောင်နာတတ်သည့်စိတ်၊ တိုင်းပြည်အတွက် ကိုယ်ကျိုးမငဲ့ စွန့်လွှတ်စွန့်စားတတ်သည့် စိတ်ဓာတ်ဟူသော မျိုးချစ်စိတ်ဓာတ်ကြောင့်ပင် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းပကားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝသယံဇာတနှင့် ပြည့်စုံကြွယ်ဝသော နိုင်ငံဖြစ်ပေရာ နိုင်ငံတော်အတွင်း ဖြစ်ထွန်းပြီးဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအသီးအပွင့်များကို ကိုလိုနီလက်သစ်များနှင့် အဆိုးမြင်ဝါဒီ အဖျက်သမားများက ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်လျက် ရှိကြသည်။

သို့ဖြစ်ပေရာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် အမျိုးသားရေး ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူအပေါင်းက လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃၁-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၄၅ ၆။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၅း၃၀ ၇။ မွေးမြူသုတ
- ၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၃၆)ဇာတ်သိမ်း
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၆)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ရှေးဟောင်းသုတ
- ၁၉။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **လှုငယ်ပေါင်ချိန်** တတိတွဲ (အပိုင်း-၄၁)

အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ

ဇုန်အဆင့် ဘောလုံးပိုလ်လုပွဲများကျင်းပ

သတင်း-မျိုးမင်းထက် (သတင်းအတတ်ပညာ)
ဓာတ်ပုံ-ကောင်းစံလင်း (သတင်းအတတ်ပညာ)

ရန်ကုန် ဒီဇင်ဘာ ၃၀

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ ဇုန်အဆင့် ဘောလုံးပြိုင်ပွဲ ရန်ကုန် ဇုန်(၁) ဗိုလ်လုပွဲကို ရန်ကုန်မြို့ သထုံလမ်း တက္ကသိုလ်ဘောလုံးကွင်းတွင် လည်းကောင်း၊ ရန်ကုန် ဇုန်(၂) ဗိုလ်လုပွဲကို ရန်ကုန်မြို့ ကြည့်မြင်တိုင် စလင်းကွင်း၌ လည်းကောင်း နံနက်ပိုင်းနှင့် ညနေပိုင်း နှစ်ချိန်ခွဲ၍ ကျင်းပသည်။ အဆိုပါအခမ်းအနားများသို့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဇုန်(၁)ပွဲစဉ်

ဇုန်(၁)ပွဲစဉ်အဖြစ် ယမန်နေ့နံနက် ၇ နာရီက သထုံကွင်း၌ကျင်းပသော အမျိုးသမီး ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်အသင်းနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကြပြီး ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်အသင်းက တစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ သထုံလမ်း တက္ကသိုလ်ဘောလုံးကွင်း၌ မွန်းလွဲ ၂ နာရီခွဲက ကျင်းပသော အမျိုးသား ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်အသင်းနှင့် ဒဂုံတက္ကသိုလ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး ရန်ကုန်ပညာရေး တက္ကသိုလ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဇုန်(၂)ပွဲစဉ်

ဇုန်(၂)ပွဲစဉ်အဖြစ် ကြည့်မြင်တိုင်မြို့နယ် စလင်းကွင်း၌ နံနက်၇နာရီက ကျင်းပသော အမျိုးသမီးပွဲစဉ်တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အသင်းက ရန်ကုန်တက္ကသိုလ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ အမျိုးသားဗိုလ်လုပွဲကို မွန်းလွဲ ၂နာရီခွဲက အဆိုပါကွင်းတွင်ကျင်းပရာ ရန်ကုန်တက္ကသိုလ်အသင်းက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ ဆုများကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး**(အပေါ်ပုံ)**၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ရန်ကုန်ဇုန်(၁) နှင့် ရန်ကုန် ဇုန်(၂) ဘောလုံးပြိုင်ပွဲများအတွက် ငွေကျပ်သိန်း ၅၀လှူဒါန်းသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **လက္ခဏာရေး(၃)ပါး** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင် ပညာဝရ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ပန်းချီပြခန်း (The Life of Artist)
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၃)
- ၈း၃၀ Sports World EPL. Masters 2009 (EPL.All Star Vs Sheffield Utd)
- ၈း၅၅ **မက်မဆုံးတဲ့ ပြက်လုံးများ** (စိန်ရိုး၊ တိမ်ညွန့်)
- ၉း၂၀ Activities in the City (လေးစားထာဝရ ဂါရဝမင်္ဂလာ)
- ၉း၃၅ Fashion Talk (Stage Fashion)
- ၁၀း၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အသည်းကွဲတောင်တန်း**
- ၁၀း၅၀ မော်ကျွန်းအလှကို ဖော်ညွှန်းမည်
- ၁၁း၀၀ လောကီ လောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
- ၁၁း၂၀ ရန်ကုန်မြင်ကွင်းကျယ် (CAMELLA ရင်ခုန်ဖွယ်ကံစမ်းမဲပွဲ)
- ၁၁း၃၅ ပွင့်ဖြူ၏ အလှဆုံးနေ့
- ၁၁း၅၅ အနုပညာမိုးကောင်းကင်
- ၁၂း၂၅ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-ချော့စုခင်)
- ၁၂း၄၀ Activities in the City (လေးစားထာဝရ ဂါရဝမင်္ဂလာ)
- ၁း၀၀ **လက္ခဏာရေး(၃)ပါး** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival [Chatrium Dream Wedding(4)]
- ၃း၂၅ မွေးကင်းစ ကလေးများ ပြုစုစောင့်ရှောက်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသိန်း၊ ခိုင်သင်းကြည်)
- ၄း၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အသည်းကွဲတောင်တန်း**
- ၄း၄၅ မော်ကျွန်းအလှကို ဖော်ညွှန်းမည်
- ၅း၀၀ ရန်ကုန်မြင်ကွင်းကျယ် (၂၀၀၉ခုနှစ် ဗီယက်နမ်-မြန်မာ နိုင်ငံတကာကုန်စည်ပြပွဲ)
- ၅း၃၀ MRTV -4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ရူပါရွှေနှင့်တွေ့ဆုံခြင်း)
- ၆း၄၀ ပန်းချီပြခန်း (The Life of Artist)
- ၇း၀၀ Fashion Music Festival [Chatrium Dream Wedding(4)]
- ၇း၄၀ ရန်ကုန်မြင်ကွင်းကျယ် (CAMELLA ရင်ခုန်ဖွယ် ကံစမ်းမဲပွဲ)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ **မက်မဆုံးတဲ့ ပြက်လုံးများ** (စိန်ရိုး၊ တိမ်ညွန့်)
- ၉း၀၅ အနုပညာ မိုးကောင်းကင်
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၃)
- ၁၀း၀၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-ချော့စုခင်)
- ၁၀း၁၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ရူပါရွှေနှင့်တွေ့ဆုံခြင်း)
- ၁၀း၃၀ ရန်ကုန်မြင်ကွင်းကျယ် (၂၀၀၉ခုနှစ် ဗီယက်နမ်-မြန်မာ နိုင်ငံတကာကုန်စည်ပြပွဲ)
- ၁၀း၅၅ မြေကြီးမှ ရွှေသီးဖို့ စက်မှုလယ်ယာ ကူးပြောင်းစို့
- ၁၁း၁၅ လူငယ် IT ပညာရှင်များနှင့် Software Engineering
- ၁၁း၄၀ ဒေသဧရာ အစားအစာ ပုသိမ်ဟာလဝါ
- ၁၁း၅၀ ရွှေတောင်စက်ရုံ စွမ်းပကား စက်မှု(၁)ရဲ့အား
- ၁၂း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျောက်တံတားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ကျောက်တံတားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီက အခြေခံပညာအထက်တန်းကျောင်း ကျောက်တံတားမြို့နယ် စည်းဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ စာပေနှင့် စာနယ်ဇင်းဗဟိုမှ အလုပ်အမှုဆောင် ဦးလှထွန်း [လှထွန်း(တွံတေး)]၊ ဦးခင်ဆွေ (ရွှေစွန်ညို)နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပူဇော်

အစည်းအဝေးတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌဦးကျော်စိန် (ကျော်ကျော်)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဘဝေ(ဘဝေ)က ဆောင်ရွက်သည်။ အစည်းအဝေးတွင် မြို့နယ်စာပေအဖွဲ့ဝင် အသက်(၇၅)နှစ်အထက် သက်ကြီးစာရေးဆရာကြီးများအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းဖြင့် ပူဇော်ကန်တော့ကြပြီး **(အပေါ်ပုံ)** စာပေဗဟိုမှ အလုပ်အမှုဆောင် ဦးလှထွန်း[လှထွန်း(တွံတေး)]က အမှာစကားပြောကြားသည်။

ရွေးချယ်

၎င်းနောက် အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို တင်သွင်းအတည်ပြုပြီး ဥက္ကဋ္ဌဦးကျော်စိန်(ကျော်ကျော်)၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်လှ (သိပ္ပံစိုးမြင့်နိုင်)၊ အတွင်းရေးမှူး ဦးဘဝေ(ဘဝေ)တို့ ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ **(မြန်မာ့အလင်း)**

စစ်ကိုင်းတိုင်း ဒီဇင်ဘာ စုပေါင်းလူထုလမ်းလျှောက်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦးတို့သည် ဒီဇင်ဘာ ၁၉ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ကျင်းပသော ၂၀၀၉ခုနှစ် စစ်ကိုင်းတိုင်း ဒီဇင်ဘာ အားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲသို့ တက်ရောက်သည်။ (ဓါတ်ပုံ)

ဝင်ရောက်

အခမ်းအနားတွင် တိုင်းမှူး၊ ဇနီးနှင့် စုပေါင်း လူထုလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲလာကြသော လူထုပရိသတ်များသည် ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှစတင်၍ ဗိုလ်ချုပ်လမ်းအတိုင်း လမ်းလျှောက်ချီတက်ခဲ့ကြပြီး ဗိုလ်ချုပ်လမ်းနှင့် အောင်မင်္ဂလာ(၁)လမ်းဆုံမှတစ်ဆင့် လာရာလမ်းအတိုင်း ပြန်လည်လျှောက်လှမ်းခဲ့ကြကာ မုံရွာပြည်သူ့အားကစားကွင်းအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

စုပေါင်းဆောင်ရွက်

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် လမ်းလျှောက်ပွဲဝင် လူထုပရိသတ်များသည် ပြည်သူ့အားကစားကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ (၁/၂)တို့ကို ပျော်ရွှင်ညီညာစွာဖြင့် စုပေါင်းဆောင်ရွက်ကြသည်။

ပါဝင်ဆင်နွှဲ

၂၀၀၉ခုနှစ် စစ်ကိုင်းတိုင်း ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်းလူထုလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် လူထုပရိသတ်ဦးရေ စုစုပေါင်း တစ်သောင်းကျော်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

မဏိရတနာကျောက်စိမ်းခန်းမ အဆောက်အအုံ ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတကာအဆင့်မီ ခေတ်မီသေသပ်လှပသော ဒီဇိုင်းပုံစံဖြင့် နေပြည်တော်၌ တည်ဆောက်သွားမည့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မဏိရတနာ ကျောက်စိမ်းခန်းမ (Emporium Hall) အဆောက်အအုံတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မသပြေကုန်းရပ်ကွက် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ အဆောက်အအုံတည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။

တက်ရောက်

ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ပန္နက်တင်ကြမည့် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တိုင်အမှတ်(၁)မှ စတင်၍ ပန္နက်တင်ပေးကြကာ ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဖြည့်စွက်ဆွေးနွေး

အခမ်းအနားအပြီးတွင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့အား ယာယီရှင်းလင်းဆောင်၌ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက မဏိရတနာ ကျောက်စိမ်းခန်းမ အဆောက်အအုံ တည်ဆောက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ပညာရှင်တို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် မဏိရတနာ ကျောက်စိမ်းခန်းမ အဆောက်အအုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း မဏိရတနာ ကျောက်စိမ်းခန်းမကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းက တာဝန်ယူ၍ ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း မဏိရတနာ ကျောက်စိမ်းခန်းမ အဆောက်အအုံကို ပန္နက်တင်ပေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၁၂-၂၀၀၉

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆို-မျိုးနွယ်ဆွေ)

၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၈း၀၀ ၆။ အပန်းဖြေလေ့လာ အမျိုးသား ကန်တော်ကြီး ဥယျာဉ်မှာ

၈း၁၀ ၇။ အကပဒေသာ

၈း၂၀ ၈။ အဆိုပြိုင်ပွဲ

၈း၃၅ ၉။ တက္ကစီမီတာ သင်လိုရာ

၈း၄၅ ၁၀။ International News

၈း၅၀ ၁၁။ တေးဂီတအစီအစဉ်

၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၀ ၂။ အတီးပြိုင်ပွဲ

၄း၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၄း၃၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ

၄း၃၅ ၅။ တေးဂီတအစီအစဉ်

၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ၊ အိမ်တွင်းစီးပွားရေး အထူးပြုများ) (စီးပွားရေးပညာ)

၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၅း၀၅ ၈။ တေးဂီတအစီအစဉ်

၅း၂၀ ၉။ **ဆီးချိုသွေးချို ကာကွယ်ပါ**

၅း၄၅ ၁၀။ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်

၆း၀၀ ၁၁။ ညနေခင်းသတင်း

၆း၁၀ ၁၂။ မိုးလေဝသအခြေအနေ

၆း၁၅ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **ဈေးသည်** (အပိုင်း-၆)

၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၂၅)

၇း၄၅ ၁၅။ အချုပ်အခြာ အာဏာ ခွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရေးရှု

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၄)

၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၈)

၂၂။ အစီအစဉ်ပြီး၏။

ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်

နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်တို့ အထက်ဆည်တော်ကြီးနှင့် ထာခရေအားလျှပ်စစ်စီမံကိန်းများကို (B.O.T) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဒီဇင်ဘာ၂၉ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတေဇက လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က အထက်ဆည်တော်ကြီးနှင့် ထာခရေအားလျှပ်စစ်စီမံကိန်းများအား (B.O.T)စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်များကို အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်တို့ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တင်းနစ်လူရွေးချယ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

(၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ရန်ကုန်တိုင်းတင်းနစ် (အမျိုးသား/အမျိုးသမီး) လူရွေးချယ်ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းတွင် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြည်နယ်နှင့်တိုင်း လက်ရည်အဆင့်ရှိသူ မည်သည့်အားကစားသမားများမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇန်နဝါရီ ၄ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်းတင်းနစ်ဆပ်ကော်မတီ ဖုန်း-၀၉-၅၁-၄၅၂၅၅၊ ၀၉-၈၅-၃၄၄၃၇၊ ၀၉-၉၉-၂၂၂၈၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ ရွေးချယ်ခံရသူများသည် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသား အားကစားသမား ငါးဦး၊ အမျိုးသမီးအားကစားသမား ငါးဦး ရွေးချယ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

31-12 (03).pmd 1 12/31/2009, 1:31 AM

အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာများကြောင့် အလုပ်လက်မဲ့နှင့်စာမတတ်သူ များပြားလာ

ကဘူးလ် ဒီဇင်ဘာ ၃၀

အာဖဂန်နစ္စတန်ပြည်သူအချို့သည် မူးယစ်ဆေးဝါးကို ခုခံတွန်းလှန်နိုင်စွမ်းမရှိအောင်ဖြစ်နေကြောင်း၊ မူးယစ်ဆေးဝါးကြောင့် အသက်အိုးအိမ်စည်းစိမ်ကိုပျက်စီးစေလျက်ရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ဒီဇင်ဘာ ၂၈ရက်က ထုတ်ဝေသော အောက်တ်လုပ်ခ် အာဖဂန်နစ္စတန် သတင်းစာခေါင်းကြီးပိုင်း၌ ဖော်ပြထားသည်။

လူဦးရေသန်း ၃၀ခန့်ရှိသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် မူးယစ်ဆေးစွဲနေသူ တစ်သန်းကျော်ကျော်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ကမ္ဘာပေါ်တွင်ထုတ်လုပ်နေသည့် ဘိန်းပမာဏ၏ ၉၀ရာခိုင်နှုန်းကို ထုတ်လုပ်နေသောနိုင်ငံအဖြစ် သတ်မှတ်ထားပြီး အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးဝါးကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေကြသဖြင့် အလုပ်လက်မဲ့နှင့် စာမတတ်သူ များပြားရခြင်းဖြစ်ကြောင်းလည်း ထိုသတင်းစာတွင် ထည့်သွင်းဖော်ပြထားသည်။

အာဖဂန်နစ္စတန်အစိုးရနှင့် ယင်း၏နိုင်ငံခြားမဟာမိတ်များက တောင်သူလယ်သမားများအား ဘိန်းသီးနှံစိုက်ပျိုးခြင်းကို တားမြစ်သည့်ဥပဒေ၊ မူဝါဒများ ချမှတ်တားဆီးခဲ့သော်လည်း ယခုအချိန်အထိ သိသိသာသာအောင်မြင်မှု မရရှိသေးကြောင်းဖြင့်လည်း ဆက်လက်ဖော်ပြထားသည်။

ခြိမ်းခြောက်

မူးယစ်ဆေးဝါးအန္တရာယ်သည် အာဖဂန်နစ္စတန်နိုင်ငံတွင် လူမှုပြဿနာ ဖြစ်ပွားစေပြီး တည်ငြိမ်မှုကိုခြိမ်းခြောက်အန္တရာယ်ပြုနေကြောင်း၊ မူးယစ်ဆေးစွဲသည့် အမျိုးသမီးနှင့် ကလေးငယ်များလည်း များပြားနေကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

တိုက်တွန်း

ထို့ကြောင့် မူးယစ်ဆေးစွဲနေသူများအတွက် ဆေးကုသရေးဌာနများ ပိုမိုဖွင့်လှစ်ပေးသင့်ကြောင်းဖြင့်လည်း အဆိုပါသတင်းစာက အာဖဂန်နစ္စတန်အစိုးရကို အကြံပြုရေးသားထားသည်။ (အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၃၀ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၈၈၉၇ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၃၆၃၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၈၈၉၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၃၆၃၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဒီဇင်ဘာ ၃၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၃၀ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၄၂၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၁၄၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၄၂၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၁၄၈ ဦး

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း အစိုးရရုံးစိုက်ရာဒေသ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကယ်ကွတ်မြို့၌ ဗုံးပေါက်ကွဲ၊ လေးဦးသေဆုံး

ကယ်ကွတ် ဒီဇင်ဘာ ၃၀

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ရှိ ရေနံထွက်ရှိရာဒေသ တာဇာခမ္မာတူအရပ်၌ ဒီဇင်ဘာ ၂၇ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၁၉ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ ဒဏ်ရာရရှိသူများတွင် ငါးဦးမှာ ပြင်းထန်ကြောင်း ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

အာဖဂန်၌ နေတိုးလေကြောင်းမှတိုက်ခိုက်မှု အရပ်သား ၁၀ဦးသေဆုံး

ကဘူးလ် ဒီဇင်ဘာ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်၌ နေတိုး၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ကလေးငယ်ရှစ်ဦး အပါအဝင် အရပ်သား ၁၀ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း အာဖဂန်သမ္မတရုံးက ပြောကြားသည်။

တောင်းဆို

အဆိုပါတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ဟာမစ်ကာဇိုင်းက အပြင်းအထန် ရှုတ်ချလိုက်ပြီး ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုလိုက်သည်။ နေတိုးအဖွဲ့ကမူ အသေးစိတ်ကိုပြန်လည် ဖြေကြားခြင်းမရှိပေ။ ***(အင်တာနက်)***

မိုဆူးလ်မြို့ အနောက်ပိုင်း၌ တိုက်ပွဲဖြစ်

မိုဆူးလ် ဒီဇင်ဘာ ၃၀

အီရတ်နိုင်ငံ မိုဆူးလ်မြို့အနောက်ပိုင်း၌ အီရတ်လုံခြုံရေးတပ်ဖွဲ့က စစ်ဆင်ရေးဆင်နွှဲစဉ် စစ်သွေးကြွတစ်ဦးသေဆုံးပြီး အခြားတစ်ဦးဖမ်းဆီးရမိကြောင်း လုံခြုံရေးတပ်ဖွဲ့၏ သတင်း၌ဖော်ပြသည်။

စီးနင်းတိုက်ခိုက်

တာလာဖာဒေသအနောက်ပိုင်းအယ်လ်-အီဆာရာ အယ်လ်-ကာဘိုင်ရာ ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်အသေးစိတ်ကိုမူ မသိရှိရသေးကြောင်း ယင်းသတင်း၌ဆက်လက်ဖော်ပြသည်။ *(အင်တာနက်)*

အာဖဂန်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံး

ကဘူးလ် ဒီဇင်ဘာ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ် ကာဂျာကီဒေသ၌ ဒီဇင်ဘာ ၂၈ရက်က ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ် ဗုံးပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်။

ထုတ်ပြန်

ယခုနောက်ဆုံးသေဆုံးသည့် တပ်ဖွဲ့ဝင်အပါအဝင် အာဖဂန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၂၄၄ဦး ရှိသွားပြီဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ***(အင်တာနက်)***

အာဖဂန်၌ ကန်တပ်ဖွဲ့ဝင်သေဆုံးမှု ယခုနှစ်အတွင်း နှစ်ဆမြင့်တက်လာ

ကဘူးလ် ဒီဇင်ဘာ ၃၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဒီဇင်ဘာ ၂၇ရက်က ဗုံးထိမှန်၍ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၁၀ရှိပြီဖြစ်ကြောင်း၊ ယင်းမှာ အမေရိကန်တပ်ဖွဲ့ဝင် ၁၅၅ဦး သေဆုံးခဲ့သည့် ၂၀၀၈ခုနှစ်ကထက် နှစ်ဆမြင့်တက်လာခဲ့ကြောင်း ဆင်ဟွာကဖော်ပြသည်။

မြင့်တက်

ထို့ပြင် အာဖဂန်နစ္စတန်၌ ၂၀၀၈ခုနှစ်က သေဆုံးသည့် နိုင်ငံစုံတပ်ဖွဲ့ဝင်ဦးရေမှာ ၂၅၉ဦးသာရှိရာမှ ယခုနှစ်အတွင်း ၅၀၆ဦးရှိသဖြင့် ၇၀ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ယင်းသတင်း၌ပါရှိသည်။

ကျူးကျော်

အာဖဂန်နစ္စတန်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ စတင်ဝင်ရောက် ကျူးကျော်ချိန်မှစ၍ ယခုနှစ်အထိသေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၉၄၀ရှိပြီဖြစ်ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၀၁ခုနှစ် အမေရိကန်တို့ ကျူးကျော်ချိန်မှစပြီး အာဖဂန်၌ ထောင်ပေါင်းများစွာသော အရပ်သားများသေဆုံး

ကန်ဒါဟာ ဒီဇင်ဘာ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ ဘာဒါဟစ်ပြည်နယ် ကွာဒစ်ဒေသရှိ စစ်ဆေးရေးဂိတ်၌ ဒီဇင်ဘာ ၂၈ ရက်က စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း အမျိုးသားလုံခြုံရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် အာဖဂန်နစ္စတန်၌ နိုင်ငံစုံတပ်ဖွဲ့ဝင်ဦးရေ ၁၁၃၀၀၀ တပ်ဖြန့်ချထားလျက်ရှိရာမှ အမေရိကန်သမ္မတဘားရက်အိုဘားမားက တပ်ဖွဲ့ဝင်၃၀၀၀၀ ထပ်မံစေလွှတ်မည်ဟု ထုတ်ပြန်ကြေညာပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ဖော်ပြ

၂၀၀၁ ခုနှစ်မှစတင်ကာ အာဖဂန်နစ္စတန်သို့ အမေရိကန်ဦးဆောင်သောတပ်များ စတင်ကျူးကျော်ကတည်းက ရှစ်နှစ်တာကာလအတွင်း ၎င်းနိုင်ငံ၌ ထောင်ပေါင်းများစွာသောအရပ်သားများ သေဆုံးခဲ့ရကြောင်း ပရပ်စ်တီဗွီသတင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်၌ ကန်တို့ လေကြောင်းမှ တိုက်ခိုက်

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၃၀

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ်သို့ ဒီဇင်ဘာ ၂၇ ရက် ညပိုင်းက အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှုများကြောင့် ၁၄ဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပါဝင်

မြောက်ဝါဇီရစ္စတန်ရှိ အကြမ်းဖက်သမားများ ခိုအောင်းရာ အဆောက်အအုံတစ်လုံးကို လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် အကြမ်းဖက်သမားခေါင်းဆောင်တစ်ဦး ပါဝင်ကြောင်း၊ သေဆုံးသူအားလုံးမှာ အကြမ်းဖက်သမားများဖြစ်ကြောင်း ယင်းသတင်း၌ ပါရှိသည်။ **(အင်တာနက်)**

ရှင်းလင်းရေးဆောင်ရွက်

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်ခွင် ၂၀၀၉ ခုနှစ်ကို သတင်းအနှစ်ချုပ်ရပါလျှင် ....

မြန်မာ့အလင်း ဘာသာပြန်စာတည်းအဖွဲ့ စုစည်းရေးသားသည်

ဤအချိန်ကာလသည် ၂၀၀၉ ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၁၀သို့ နှစ်သစ်ကူးတော့မည့် အခါသမယဖြစ်သည်။ ၂၀၀၉ ခုနှစ်သည် လွန်ခဲ့သည့် ဆယ်စုနှစ်အတန်ကြာအတွင်း၌လည်းကောင်း၊ ၂၁ရာစုနှစ်၏ ပထမဆယ်နှစ်အတွင်းတွင်လည်းကောင်း ထူးခြားသည့် နှစ်ဖြစ်သည်-

(ယမန်နေ့မှအဆက်)

ပါကစ္စတန် နျူကလီးယားဖခင်ကြီး

ပါကစ္စတန် နျူကလီးယားဖခင်ကြီး အဗ္ဗဒူကာဒီယာခန်းသည် ပါကစ္စတန်အစိုးရက ငါးနှစ်ကြာ နေအိမ်အကျယ်ချုပ်ချ ခံထားရာမှ ၂၀၀၉ ခုနှစ်နှောင်းပိုင်းတွင် လွတ်မြောက်လာသူဖြစ်သည်။ သူသည် ရုပ်မြင်သံကြား မေးမြန်းခန်းတစ်ခုတွင် နျူကလီးယားထုတ်လုပ်မှု အဆင့်ဆင့်ကို ဖွင့်ချလိုက်သည်။ မစ္စတာခန်းသည် ၁၉၆၀ပြည့်လွန်နှစ်များတွင် ပိုလန်နိုင်ငံမှ ဗဟိုခွာအားဖြင့် ယူရေနီယံသန့်စင်နည်းနှင့် ၁၉၉၀ ပြည့်လွန်နှစ်များ၌ ဟော်လန်မှဗဟိုခွာအားသုံး နျူကလီးယားပုံစံပြာများရယူခဲ့သည်။ သို့ဖြင့် ၁၉၇၈ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံက ယူရေနီယံကို အောင်မြင်စွာသန့်စင်နိုင်ပြီး ၁၉၉၈ ခုနှစ်၌ ပါကစ္စတန်နိုင်ငံသည် အဏုမြူဗုံးစမ်းသပ်နိုင်ခဲ့သည်။

ဖ်အထက် မြေငလျင်လှုပ်မှုပေါင်း အကြိမ် ၃၀ကျော် ၄၀ခန့်ရှိခဲ့သည်။ ယခုနှစ်အတွင်း ပထမဆုံးလှုပ်သည့် မြေငလျင်မှာ အင်ဒိုနီးရှားနိုင်ငံ ပါပူအာမြောက်ဘက်ကမ်းခြေအနီး ဇန်နဝါရီ ၃ ရက်က လှုပ်သည့်ငလျင်ဖြစ်သည်။ အင်အားရစ်ချ်တာစကေး ၇ဒသမ၆နှင့် ၇ဒသမ၄ အကြားရှိသည်။

ထင်ရှားသည့်မြေငလျင်တစ်ခုမှာ အီတလီနိုင်ငံအလယ်ပိုင်း၌ ၂၀၀၉ခုနှစ် ဧပြီ ၆ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ ၃ရှိ မြေငလျင်ဖြစ်သည်။ မြေငလျင်ကြောင့် သေဆုံးသူ ၃၀၈ဦးရှိပြီး ဒဏ်ရာရသူ ၁၅၀၀ကျော်ရှိသည်။ ပြည်သူ ၆၅၀၀၀အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။ သေဆုံးသူများတွင် နိုင်ငံခြားသားအများအပြားပါဝင်သည်။

ဒိန်းမတ် နိုင်ငံ ကိုပင် ဟေဂင်မြို့၌ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၇ရက်မှ ၁၈ရက် အထိ ကျင်းပ ခဲ့သည့် ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ ကိုပင် ဟေဂင် ထိပ်သီး အစည်းအဝေး။

အမေရိကန်-ရုရှားတို့၏ နျူကလီးယားဆွေးနွေးမှု

အမေရိကန်-ရုရှားတို့၏ ၁၉၉၁ ခုနှစ်က မဟာဗျူဟာ နျူကလီးယားလက်နက် လျှော့ချရေးစာချုပ်(ဆော့-၁)သက်တမ်းတိုးရေးအတွက် မော်စကို၌ ၂၀၀၉ ခုနှစ် မေလ ၁၉ရက်က စတင်ဆွေးနွေးသည်။ (ဆော့-၁)စာချုပ်မှာ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် သက်တမ်းကုန်တော့မည်ဖြစ်သည်။

သက်တမ်းကုန်တော့မည့် (ဆော့-၁)စာချုပ်ကို အစားထိုးရေးအတွက် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် အမေရိကန်သမ္မတအိုဘားမားတို့ ကိုပင်ဟေဂင်မြို့၌ ၂၀၀၉ခုနှစ် ဒီဇင်ဘာလ ၁၈ရက်တွင် တွေ့ဆုံဆွေးနွေးသည်။ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေး ကိုပင်ဟေဂင် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရင်း နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

နျူကလီးယားလက်နက် ထပ်မံလျှော့ချရေးအတွက် သဘောတူညီမှုရရှိရန် နီးစပ်လာပြီဖြစ်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ရုရှားသမ္မတ မက်ဗီဒက်ဗ်နှင့်တွေ့ဆုံအပြီးတွင် ပြောကြားလိုက်သည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် မဟာဗျူဟာ နျူကလီးယားလက်နက်များ ထပ်မံလျှော့ချရေး သဘောတူညီချက်ကို ရှေ့နှစ် ဇန်နဝါရီလကုန်တွင် လက်မှတ်ရေးထိုးကောင်းရေးထိုးနိုင်မည်ဟု ရုရှားကွမ်မာဆန့်သတင်းစာက ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၉ရက်၌ ဖော်ပြလိုက်သည်။ ရုရှားနိုင်ငံက လောလောဆယ် နျူကလီးယားထိပ်ဖူး ၁၂၉၈၇ခု ပိုင်ဆိုင်ထားကာ အမေရိကန်နိုင်ငံက နျူကလီးယားထိပ်ဖူး ၉၅၅၂ခု ပိုင်ဆိုင်ထားသည်။

ယခုအခါ အမေရိကန်-ရုရှား နှစ်နိုင်ငံဆက်ဆံရေးမှာ အားလုံးအဆင်ပြေချောမွေ့သည်ဟု မဆိုနိုင်သေးကြောင်း၊ ယခင်အမေရိကန်အစိုးရလက်ထက်က စုပုံလာခဲ့သည့် ပြဿနာများကို ရှင်းနေရဆဲဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရော့ဗ်က ဒီဇင်ဘာ ၂၅ရက်တွင် ပြောကြားလိုက်သည်။

နျူကလီးယားလက်နက်များ လျှော့ချရေးအတွက် အမေရိကန်နှင့် ရုရှားနိုင်ငံတို့၏ ကြိုးပမ်းအားထုတ်မှုကို ကုလသမဂ္ဂ အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ မိုဟာမက်အယ်ဘာရာဒေးက ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပြောကြားလိုက်သည်။ ရုရှားနှင့် အမေရိကန်တို့အနေဖြင့် (ဆော့-၁)စာချုပ်ကို အစားထိုးချုပ်ဆိုပြီးနောက် လက်နက်များပပျောက်ရေး ဦးတည်နိုင်မည်ဟု ယုံကြည်ကြောင်း မစ္စတာဘာရာဒေးက ပြောကြားသည်။

နျူကလီးယားလက်နက်များ မပြန့်ပွားရေးနှင့် လျှော့ချရေး၊ ဖျက်သိမ်းရေးများကို မဆောင်ရွက်ခဲ့ကြသဖြင့် ဆယ်စုနှစ်အနည်းငယ်အတွင်းမှာပင် နျူကလီးယားထိပ်ဖူးပိုင်ဆိုင်သည့် နိုင်ငံကိုးနိုင်ငံအထိ များပြားလာသည်ဟုလည်း မစ္စတာဘာရာဒေးက ဝေဖန်လိုက်သည်။ မျက်မှောက်ကာလ နျူကလီးယားထိပ်ဖူးပိုင် ကိုးနိုင်ငံမှာ ရုရှား၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ မြောက်ကိုရီးယားနှင့် အစ္စရေးတို့ဖြစ်ကြသည်။

သဘာဝဘေးအန္တရာယ်

၂၀၀၉ခုနှစ်အတွင်း ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များမှ မြေငလျင်လှုပ်မှုများအနက် ရစ်ချ်တာစကေး

၂၀၀၉ ခုနှစ်အတွင်း အင်အားအပြင်းဆုံးငလျင်မှာ ဆာမိုအာကျွန်းစုတွင် စက်တင်ဘာ ၂၉ရက် ဒေသစံတော်ချိန် နံနက် ၆နာရီ ၄၈မိနစ် ၁၁စက္ကန့်က လှုပ်ခဲ့သည်။ အင်အားရစ်ချ်တာစကေး ၈ ရှိသည်။ ယင်းမြေငလျင်ကြောင့် ဆာမိုအာကျွန်းစုအပြင် အမေရိကန် ဆာမိုအာ၊ တွန်ဂါ၊ ကွတ်ကျွန်းစု၊ ဖီဂျီ၊ ပြင်သစ်ပိုလီနီးရှားနှင့် နယူးဇီလန်နိုင်ငံတို့ပါ ခံစားလိုက်ရသည်။ အနည်းဆုံး ၁၈၉ဦးသေဆုံးခဲ့ပြီး ရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည်။ ဆူနာမီဒီလှိုင်းပါ ထကြွခဲ့သည်။

မီးတောင်ပေါက်ကွဲ

၂၀၀၉ ခုနှစ်အတွင်း မီးတောင်ပေါက်ကွဲမှုများအနက် တွန်ဂါရေအောက်မီးတောင်ပေါက်ကွဲမှုသည် ၂၀၀၉ခုနှစ် မတ်လ ၁၆ ရက်မှစတင်ပြီး မတ်လ ၁၉ရက်၌ အကြီးအကျယ်ပေါက်ကွဲသည်။ ထိုဒေသသည် မီးတောင်များပေါက်ကွဲတတ်သည့် နေရာဖြစ်သည်။ မီးတောင်ပေါက်ကွဲသဖြင့် ရစ်ချ်တာစကေး ၇ဒသမ၆ အဆင့်ရှိ မြေငလျင်လှုပ်သည်။

ဖိလစ်ပိုင်နိုင်ငံ မေယွန်မီးတောင်သည် မကြာခဏပေါက်ကွဲတတ်သည့် မီးတောင်ဖြစ်သည်။ မနီလာမြို့တော် အရှေ့တောင်ဘက် ကီလိုမီတာ ၃၆၀အကွာတွင် တည်ရှိသည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၄ရက်ကတည်းက စတင်ပြီး ချော်ရည်များ စထွက်သည်။ ပတ်ဝန်းကျင်ရှိ ပြည်သူ ၄၇၀၀၀တို့အား နေရာရွှေ့ပြောင်းပေးခဲ့ရသည်။ ဒီဇင်ဘာ ၂၄ရက်တွင် မီးတောင်ပေါက်ကွဲသည်။ ဤမီးတောင်သည် ၁၆၁၆ခုနှစ်နောက်ပိုင်း အကြိမ်(၅၀)ခန့် ပေါက်ကွဲခဲ့ပြီးဖြစ်သည်။ နောက်ဆုံး ၂၀၀၆ခုနှစ် ဇူလိုင်လတွင် ပေါက်ကွဲခဲ့သဖြင့် ပြည်သူ ၃၀၀၀၀တို့ အိုးအိမ်စွန့်ခွာပေးခဲ့ကြရသည်။

မုန်တိုင်းကျရောက်ရေလွှမ်း

၂၀၀၉ခုနှစ်အတွင်း လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး ရေလွှမ်းမှု၊ မြေပြိုမှုများ ကြုံခဲ့ရသည့်အနက် ဩဂုတ်လဆန်းပိုင်းက တရုတ်(တိုင်ပေ)၌ကျရောက်သည့် မိုရာကော့တိုင်ဖုန်းမုန်တိုင်းမှာ တရုတ်(တိုင်ပေ)သမိုင်းတွင် အသေအပျောက် အများဆုံးပင်ဖြစ်သည်။ သေဆုံးသူ ၇၃၈ဦးရှိခဲ့ပြီး ၁၉၂ ဦး ပျောက်ဆုံးခဲ့သည်။ အလားတူ အီတလီနိုင်ငံ မက်ဆီနာမြို့တွင် အောက်တိုဘာ ၁ရက်နှင့် ၂ ရက်က ရေလွှမ်းမှုနှင့် မြေပြိုမှုများကြောင့် အနည်းဆုံး ၂၈ဦး သေဆုံးခဲ့ရသည်။ စစ္စလီကျွန်း အရှေ့နှင့်အရှေ့မြောက်ပိုင်းတို့တွင်လည်း ရေလွှမ်းမှုများ တွေ့ကြုံခံစားကြရသည်။

တရုတ်(တိုင်ပေ)သို့ မိုရာကော့မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် အဆောက်အအုံများ ဤသို့ ပျက်စီးခဲ့ရသည်။

တောမီးလောင်မှု

၂၀၀၉ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများရှိခဲ့ရာတွင် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၇ရက်က ဩစတြေးလျတောမီးမှာ အဆိုးရွားဆုံးပင်ဖြစ်သည်။ ၁၇၃ ဦးသေဆုံးပြီး ၄၁၄ဦး ဒဏ်ရာရရှိသည်။ လူနေအိမ်ခြေ ၂၀၂၉လုံး မီးဝါးမျိုခံရသည်။

၂၀၀၉ ခုနှစ်အတွင်း အပူလှိုင်း၊ အအေးလှိုင်းများလည်း ကမ္ဘာ့တိုက်ကြီးများတွင် ကျရောက်သည့်နည်းတူ မြောက်ဝင်ရိုးတန်းနှင့် တောင်ဝင်ရိုးတန်းတို့တွင် ရေခဲပြင်များအရည်ပျော်နှုန်း ပိုမိုမြန်ဆန်လာသဖြင့် ရာသီဥတုပြောင်းလဲမှု၏ သင်္ကေတများအဖြစ် တွေ့မြင်နိုင်သည်။

ရာသီဥတုပြောင်းလဲမှု

ရာသီဥတုပြောင်းလဲမှုသည် တစ်ကမ္ဘာလုံး ဝိုင်းဝန်းဖြေရှင်းရန်လိုအပ်သော အရေးကြီးကိစ္စတစ်ရပ်ဖြစ်ကြောင်း အမေရိကန်ဒုတိယသမ္မတဟောင်း အယ်လ်ဂိုးက ဆွစ်ဇာလန်နိုင်ငံ ဒေဗို့စ်မြို့၌ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၀ ရက်က ပြောကြားသည်။

ရေခဲတောင်များ အရည်ပျော်စီးဆင်းမှုမြင်ကွင်း....။

မိမိတို့သည် အချိန်မနှောင်းမီ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းတစ်ရပ်ကို မိမိတို့ကမ္ဘာတစ်ဝန်းလုံးက ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်ပတ်လည်အစည်းအဝေး၌ မစ္စတာအယ်လ်ဂိုးက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ထိုအချိန်သည် ၂၀၀၉ ခုနှစ်အကုန်၌ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေး ထိပ်သီးအစည်းအဝေး ကျင်းပရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များက တာစူနေကြချိန်ဖြစ်သည်။

နှိုးဆော်

ရာသီဥတုပြောင်းလဲမှုမှာ လွန်စွာအရေးကြီးသည့် ပြဿနာဖြစ်ကြောင်း ကမ္ဘာ့ပြည်သူ ၆၄ရာခိုင်နှုန်းက ရှုမြင်ကြသည်ဟု ဂလုပ်စတင် ပြည်သူ့ဆန္ဒသဘောထား စစ်တမ်းကဖော်ပြသည်။ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၇ရက် ကိုပင်ဟေဂင်ထိပ်သီးအစည်းအဝေး၏ အရေးပါမှုကို ပြသရန်အတွက် ၄၅နိုင်ငံမှ သတင်းစာ ၅၆စောင်က ထိုနေ့တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခေါင်းကြီးများ တစ်ပြိုင်တည်းရေးသားကြသည်။ ကိုင်တွယ်ဖြေရှင်းရေး သဘောတူညီမှု မရလျှင် ရာသီဥတုပြောင်းလဲမှုက ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးကို ဖျက်ဆီးပစ်လိမ့်မည်ဟု လန်ဒန်မြို့ထုတ် ဂါးဒီးယန်းသတင်းစာက နှိုးဆော်ရေးသားသည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၇ရက်မှ ၁၈ရက်အထိ ကျင်းပသောကိုပင်ဟေဂင် ထိပ်သီးအစည်းအဝေး၌ သဘောတူညီမှုတစ်စုံတစ်ရာရရှိရေးမှာ ၂၀၁၂ခုနှစ်တွင် သက်တမ်းကုန်မည့် ၁၉၉၇ ခုနှစ် ကျိုတိုသဘောတူစာချုပ်ကို ဆက်ခံရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် ၁၉၂ နိုင်ငံမှ ကိုယ်စားလှယ်များမှာ အတွေးကိုယ်စီ ရည်မှန်းမျှော်လင့်ချက် အဖုံဖုံဖြင့် လာကြခြင်းဖြစ်သည်။ ကုန်းတွင်းပိတ်နိုင်ငံများ၊ ပင်လယ်ဆိပ်ကမ်းပိုင်နိုင်ငံများ၊ ကျွန်းနိုင်ငံများမှ လာကြသူများရှိသကဲ့သို့ မြေနိမ့်ဆိပ်ကမ်းရှိသည့် နိုင်ငံချင်းတူသော်မှ မာပူတိုကဲ့သို့ ဗေထိဆိုလျှင် ကွဲမည့်နိုင်ငံရှိပြီး ရော့တာဒမ်လို ရေလာလျှင် ကာကွယ်ဖို့ အသင့်ပြင်ထားသည့် နိုင်ငံများမှ တက်ရောက်သည့် ကိုယ်စားလှယ်များရှိနိုင်သည်။ တစ်ဖန် စက်မှုထွန်းကားပြီး ချမ်းသာသောနိုင်ငံများမှ လာသကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကိုယ်စားလှယ်များလည်း အစုံအညီ တက်ရောက်ခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ ရာသီဥတုပြောင်းလဲမှုကို မထိန်းသိမ်းမတားဆီးနိုင်ပါလျှင် အနာဂတ်လူသားမျိုးဆက်နှင့် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို နောင်တစ်နေ့ မီးလောင်တိုက် အသွင်းခံရပေမည်။ ပြေးစရာမြေမရှိပါချေ။

ကြိုတင်ခန့်မှန်း

ဒီဇင်ဘာ ၇ရက်မှ ၁၈ ရက်အထိ ကျင်းပသော ကိုပင်ဟေဂင် ထိပ်သီးအစည်းအဝေးတွင် ပြောဆိုငြင်းခုန်ကြသည်မှာ ဆူဆူညံညံရှိလှသည်။ အိမ်ရှင်ဒိန်းမတ်နိုင်ငံက မူကြမ်းပြင်ဆင်ထားသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ရေရှားမှုများ ကြုံလာရသည်ဟု ကျွမ်းကျင်သူများက ကြိုတင်ခန့်မှန်းထားသည်။ တိုးပွားလာသော ကမ္ဘာ့လူဦးရေနှင့် စားနပ်ရိက္ခာပြဿနာက ပိုကြီးလာနိုင်သေးသည်။

လက်ခံ

အစည်းအဝေးတက်ရောက်ကြသူ ကိုယ်စားလှယ်များက အဓိပ္ပာယ်ရှိသည့် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချနိုင်ဘဲ ထိပ်သီးအစည်းအဝေးကြီးပြီးသွားမည်ကို စိုးရိမ်နေကြသည်။ ထိုအချိန်တွင် အမေရိကန်ထောက်ခံသည့် သဘောတူညီချက်ကို ကိုပင်ဟေဂင်ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေး ထိပ်သီးအစည်းအဝေးကြီးက ဒီဇင်ဘာ ၁၈ ရက်၌ အသိအမှတ်ပြုလိုက်သည်။ အပူချိန်ကို လက်ရှိ ကမ္ဘာ့ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ်ထက် ပိုမတက်ရေးထိန်းထားမည်။ ကမ္ဘာကြီး ပူနွေးလာမှုတိုက်ဖျက်ရေးတွင် ဆင်းရဲသောနိုင်ငံများအား ကူညီထောက်ပံ့မည်ဟု သဘောတူညီချက်၌ ဖော်ပြထားသည်။ နိုင်ငံအချို့က ဘူးခံနေစဉ်မှာပင် ထိုသဘောတူညီချက်ကို လက်ခံလိုက်ခြင်းဖြစ်သည်။ သို့သော် ထိုသဘောတူညီချက်မှာ ဥပဒေအရ စည်းနှောင်အားမရှိပါချေ။ အမေရိကန်ဦးဆောင်သည့် တရုတ်အပါအဝင် ငါးနိုင်ငံ၏ အစီအမံ ဖြစ်သည်။

ကိုပင်ဟေဂင်ထိပ်သီးအစည်းအဝေး သဘောတူညီချက်နှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များရော၊ နိုင်ငံတကာအဖွဲ့အစည်းနှင့် အုပ်စုများကပါ ပြည်သူတစ်ဦးချင်းကပါ အမျိုးမျိုးတွေးဆနေကြသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဤကိစ္စတွင် သူ့သဘောသူ့အမြင်ကို ထုတ်ဖော်ပြောကြားပါသည်။

ဘယ်သူယုံယုံ မယုံယုံ၊ ဘယ်လိုထင်ထင် မထင်ထင်၊ ဘယ်သူပြောပြော မပြောပြော မစ္စတာဘန်ကီမွန်းကတော့ "မာရသွန် ထိပ်သီးအစည်းအဝေးပွဲကြီးက နောက်ဆုံးတော့ သဘော တူညီချက်ချနိုင်ပါတော့တယ်။ ဒါကိုကြိုဆိုပါတယ်။ ရလိုက်တဲ့ ဒီသဘောတူညီချက်ဟာ ကျွန်တော်တို့တစ်တွေ ဦးတည်ထားတဲ့ ရည်မှန်းချက်တွေထဲက အကောင်းဆုံးရည်မှန်းချက်ဖြစ်ချင်မှ ဖြစ်မှာပါ။ ဒါပေမယ့် ရှေ့ဆက်လှမ်းရမည့်ခရီးမှာ ဒါဟာ အရေးပါတဲ့ ပဏာမခြေလှမ်းဖြစ်ပါတယ်။ ဒါပေမယ့် ရှေ့နှစ်မှာ ဒီသဘောတူညီချက်ကို ဥပဒေအရ စည်းနှောင်အားရှိတဲ့ သဘောတူညီချက်ဖြစ်အောင် လုပ်ကြရဦးမှာဖြစ်ကြောင်း" ၄င်း၏မွေးရပ် ကိုရီးယားသံဝဲဝဲကလေးဖြင့် အားထည့်ပြောဆိုသံကို ကြားယောင်နေမိပါတော့သည်။ ။

ကိုးကား-အင်တာနက်

ဖိလစ်ပိုင်နိုင်ငံ၌ မေယွန်မီးတောင်ပေါက်ကွဲမှုဤသို့ ဖြစ်ပွားခဲ့သည်။

31-12 (05).pmd 1 12/31/2009, 1:31 AM

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေး၏ ဣဋ္ဌာရုံနှင့် လွတ်လပ်ရေးဆုံးရှုံးမှု၏ အနိဋ္ဌာရုံများကို ခွဲခြားသိရှိနေကြသည်

ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)

လွတ်လပ်ရေးဟူသည် လူမျိုးတိုင်းက မရှိမဖြစ်အလိုချင်ဆုံး ရတနာတစ်ပါးဖြစ်သည်။ လွတ်လပ်နေသမျှ ကိုယ့်နိုင်ငံ၊ ကိုယ့်နိုင်ငံသားများ ဘဝဖူလုံရေး၊ ဘဝမြင့်တက်ချမ်းသာရေး၊ ဘဝလုံခြုံရေး စသည့် အကျိုးစီးပွားများကို နိုင်ငံသားတို့ လွတ်လွတ်လပ်လပ်၊ ကိုယ်တိုင်ကိုယ်ကျ၊ မိမိတို့စိတ်တိုင်းကျ ဖော်ဆောင်နိုင်ကြသည်။

လွတ်လပ်ခြင်း၏ အရသာကို အမှတ်တမဲ့ နေတတ်ကြသော်လည်း လွတ်လပ်ရေး ဆုံးရှုံးရသောအခါကျမှသာ ကျွန်ဘဝအနိဋ္ဌာရုံနှင့် သခင်ဘဝ ဣဋ္ဌာရုံကို နှိုင်းခိုင်းကြည့်မိ တတ်ကြသည်။ လွတ်လပ်ရေး ဆုံးရှုံး၍ တိုင်းတစ်ပါးသားအောက် ကျွန်သပေါက်ဘဝဖြင့် ကျရောက်သွားပြီဆိုလျှင် တိုင်းတစ်ပါးသား နယ်ချဲ့အစိုးရများက ကျွန်များ၊ သပေါက်များသဖွယ် သဘောထားကာ အဘက်ဘက်မှ ချိုးနှိမ်ဆက်ဆံလာကြတော့သည်။ လူလူချင်း လူလိုသဘောမထားတတ်သည့် နယ်ချဲ့များ လက်အောက်တွင် လူ့ဘဝ၊ လူ့တန်ဖိုး၊ လူ့အခွင့်အရေး ဆုံးရှုံးကြရသည်။ ပြောမယုံကြုံဖူးမှသိ ဆိုသကဲ့သို့ မြန်မာတွေ ကျွန်ဖြစ်ခဲ့ရဖူး၍ ကျွန်ဘဝ၏ အလွန့်အလွန်ခါးသီးသော အနိဋ္ဌာရုံအတွေ့အကြုံများ ရှိကြဖူးပေပြီ။

ကြွေပန်းကန်ပြားတစ်ချပ်ကို သမံတလင်းပေါ်၊ ကျောက်ပြားပေါ် လွတ်ကျသွားလျှင် အစိတ်စိတ်ကွဲသွားပေမည်။ ထိုအကွဲများကို ကောက်ယူပြီး ခိုင်ခံ့မြဲမြံနိုင်သည့် ဆင်ကော် (Super Glue) ဖြင့် စေ့စပ်သေချာစွာ ကပ်လျှင် မူလပန်းကန် အကောင်းပကတိအတိုင်း မဟုတ်သည့်တိုင် ပုံသဏ္ဌာန်အားဖြင့် ပန်းကန်တစ်ချပ်တော့ ဖြစ်လာပေမည်။ **နိုင်ငံတစ်ခု၏ လွတ်လပ်ရေးဆုံးရှုံးကာ နယ်ချဲ့သမားတို့လက် ကျရောက်သွားလျှင် သွေးခွဲအုပ်ချုပ်တတ်သော နယ်ချဲ့တို့၏ Divide and Rule ဗျူဟာအရ နိုင်ငံကြီး အစိတ်စိတ်အမြွှာမြွှာ ခွဲခြားကန့်သတ်ခံရမည်။ ကျကွဲသွားသောပန်းကန်ပြားကို မိနစ်ပိုင်း၊ နာရီပိုင်း အတွင်းကော်နှင့်ပြန်ကပ်ယူ၍ ရနိုင်သော်လည်း ဆုံးရှုံးသွားသော လွတ်လပ်ရေး(ဝါ) နိုင်ငံသားအားလုံး ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာသည် လည်းကောင်း၊ ပိုင်နက်နယ်မြေသည် လည်းကောင်း မိနစ်ပိုင်း၊ နာရီပိုင်း မဆိုထားဘိ နှစ်ပေါင်းများစွာ ပြန်တိုက်ယူ၍ပင် ပြန်ရရန် မလွယ်လှပေ။**

လူသားအချင်းချင်း၊ နိုင်ငံအချင်းချင်း အဘယ့်ကြောင့် ကျူးကျော်တိုက်ခိုက်၊ သိမ်းပိုက်ကျွန်ပြုကြသနည်း။ရှေးကမူ ပဒေသရာဇ်ဘုရင်တို့သည် မိမိတို့တွင် လက်နက်အင်အား၊ လူသူအင်အား တောင့်တင်းလာသည်နှင့် ဘုန်းလက်ရုံး တန်ခိုးဆန့်တန်းသည်ဆိုကာ မိမိတို့ထက် စစ်အင်အားအရာ၊ လက်နက်အရာ အားနည်းသောနိုင်ငံများကို တိုက်ခိုက်ကြသည်။ မိမိတို့၏ လက်အောက်ခံ ပဏ္ဏာဆက်ရသောနိုင်ငံအဖြစ် သိမ်းယူသည်။ ထို့နောက် မိမိတို့စိတ်ကြိုက် ဘုရင်၊ စော်ဘွား၊ အစိုးရများတင်ပေးကာ ထိုနိုင်ငံမှ ပြန်ထွက်သွားသည်။ ထိုသို့တိုက်ခိုက်သိမ်းပိုက်ခြင်းဖြင့် တစ်နိုင်ငံ၏ ဘုရင်အဖြစ်မှ နိုင်ငံအများကို အုပ်စိုးသော ဧကရာဇ်ဘုရင်အဆင့်၊ လက်နက် နိုင်ငံတော်ဟု အဓိပ္ပာယ်ရသည့် ဘုရင့်အင်ပိုင်ယာကြီး၏ သခင် (အင်ပါရာ Emperor)ဧကရာဇ်ကြီး ဖြစ်ရသည်ကို အလိုတော်ပြည့်သည်ဟု သုံးနှုန်းခဲ့ကြသည်။

ရှေးက ရောမအင်ပိုင်ယာ၊ ဂရိအင်ပိုင်ယာ၊ မဂိုအင်ပိုင်ယာ၊ မွန်ဂိုအင်ပိုင်ယာ၊ ရုရှအင်ပိုင်ယာ၊ ပြင်သစ်အင်ပိုင်ယာ၊ အော်တိုမန်အင်ပိုင်ယာတို့သည် ပဒေသရာဇ်တို့ ဧကရာဇ်ဘွဲ့ခံနိုင်ရုံ၊ လက်အောက်ခံ ပဏ္ဏာဆက်နိုင်ငံများရရှိရုံသာ နယ်ချဲ့ခဲ့ကြသည်။ သိမ်းပိုက်နိုင်ငံတွင် ကိုယ်တိုင်တိုက်ရိုက် အုပ်ချုပ်ခြင်း မပြုဘဲ ဒေသခံတစ်ဦးဦးကို လက်အောက်ခံဘုရင်အဖြစ် ခန့်ထားခဲ့ကြသည်။

၁၇၊ ၁၈၊ ၁၉၊ ၂၀ ရာစုများတွင် ထိုသို့အခြားနိုင်ငံများအား ကျူးကျော်ရန်စတိုက်ခိုက်သော နယ်ချဲ့နိုင်ငံကြီးများ မင်းမူလာခဲ့သည်။ အင်္ဂလန်နှင့် ဥရောပတွင် ရေနွေးငွေ့၏ အစွမ်းအာနိသင်ကို သတိပြုမိကြပြီး လက်ဖြင့်ရက်ရသော ရက်ကန်းစင်များကို ရေနွေးငွေ့အားဖြင့် လည်ပတ်သောစက်များ တီထွင်လာကြသည်။ လက်မှုကုန်ထုတ်လုပ်ငန်းများမှသည် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖြစ်လာသည်။

စက်မှုလုပ်ငန်းရှင်တို့သည် ၎င်းတို့စက်ရုံအတွက် လိုအပ်သော စက်မှုကုန်ကြမ်း၊ စက်လည်ပတ်စေမည့်လောင်စာစွမ်းအင်တို့ကို ၎င်းတို့၏ ပြည်တွင်း၌ ဖူလုံစွာ မရရှိနိုင်ကြပေ။ စက်ရုံထွက်ကုန်ပစ္စည်းကို ဝယ်ယူမည့် ဖောက်သည်များ (ကုန်ချောဈေးကွက်များ) လည်း လိုအပ်လာ၏။ လုပ်ခနည်းနည်းပေးပြီး အလုပ်များများလုပ်ခိုင်း၍ ရရှိနိုင်သော ဈေးပေါပေါ အလုပ်သမားများလည်း အများအပြားလိုအပ်၏။ ထိုလိုအပ်ချက်များကို တန်ရာတန်ကြေးပေး၍ မယူချင်၊ အလကား မတ်တင်းလောက်နှင့် ရချင်သော မတော်လောဘ၊ ဝိသမလောဘများ မိုးမွှန်လာခဲ့၏။

ဥရောပမှ စက်မှုအရင်းရှင်တို့သည် ၎င်းတို့ လွတ်လွတ်လပ်လပ် စီးပွားဖြစ်နိုင်ရန် ဘုရင်များကိုပင် တော်လှန်တိုက်ခိုက်လာကြ၏။ ထိုတော်လှန်ရေး (ဘူဇွာ တော်လှန်ရေး)များ၏ ရလဒ်အဖြစ် အရင်းရှင်ပါလီမန် ဒီမိုကရေစီရရှိလာခဲ့သည်။ အရင်းရှင်တို့ ကြီးစိုးသောပါလီမန်များက အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး တည်းဟူသော အချုပ်အခြာအာဏာကို ပိုင်စိုးခွင့်ရသွားခဲ့သည်။ ဘုရင်များမှာ နန်းတော်တွင်း၌ အဆောင်အယောင်၊ မင်းခမ်းမင်းနားဖြင့် စံစားနေရုံ၊ နိုင်ငံ၏ရုပ်ပြအကြီးအကဲအဖြစ် အေးဆေးစွာနေရုံဖြစ်လာသည်။ ဥရောပမှ အရင်းရှင်နိုင်ငံ ရှစ်နိုင်ငံခန့်သည် ကမ္ဘာအနှံ့ ရွက်သင်္ဘောများဖြင့် ခရီးထွက်၏။ ရောက်ရာဒေသ၊ ရောက်ရာနိုင်ငံနှင့် ဦးစွာကုန်သွယ်၏။ ထို့နောက် ဘာသာရေး၊ ယဉ်ကျေးမှုအပြင် မူးယစ်ဆေးဝါး(ဘိန်း)တို့ကိုပါ လက်နက်သဖွယ်သုံးကာ ရောက်ရာနိုင်ငံအား အမျိုးသားရေးကိုယ်ခံအား ပျက်ပြားအောင် ပညာပါပါ ဖန်တီးကြ၏။ ပြဿနာအမျိုးမျိုး၊ အပြစ်အမျိုးမျိုးရှာ၏။ ထို့နောက် ၎င်းတို့ မူရင်းနိုင်ငံမှ ပါလီမန် (လွှတ်တော်)နှင့် အစိုးရများက အရင်းရှင်တို့ အလိုကျ စစ်တပ်များစေလွှတ်ကာ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ကျွန်ပြုစေ၏။

အရင်းရှင် ပါလီမန်ဒီမိုကရေစီ၏ အသုံးအဖြတ်၊ အာဏာစက်တို့ကြောင့် ကမ္ဘာမြေ၏ ၇၇ရာခိုင်နှုန်း၊ ထိုစဉ်က ကမ္ဘာ့လူဦးရေ၏ ၇၅ရာခိုင်နှုန်း ကျွန်ဖြစ်ခဲ့ကြရသည်။ ပင်လယ်ကူးရွက်သင်္ဘောပေါ် စစ်တပ်တင်လာသော အရင်းရှင်တို့အား ကမ္ဘာ့ပင်လယ်ဓားပြများဟု ခေါ်ကြသည်။

၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်များတွင် အင်္ဂလိပ်တို့က တမင်သက်သက် ရန်စ ကျူးကျော်တိုက်ခိုက်သော အင်္ဂလိပ်-မြန်မာ စစ်ပွဲသုံးကြိမ်ဖြစ်ခဲ့ရသည်။ မြန်မာ့စစ်ဗျူဟာ၊ မြန်မာ့သတ္တိ၊ မြန်မာ့စစ်စွမ်းရည် ထက်မြက်ခဲ့သည်။ တောင်ပေါ်မြေပြန့် တိုင်းရင်းသားမျိုးချစ်များက နယ်ချဲ့တပ်များကို ပြောင်မြောက်စွာ ခုခံတိုက်ခိုက်ခဲ့သည်။ သို့သော် လက်နက်အရာတွင် စက်မှုထွန်းကားသော ဥရောပနိုင်ငံများက ခေတ်မီအစွမ်းထက် လက်နက်များ ဖုံးပေါလအောထုတ်လုပ်အသုံးပြုနိုင်ကြပြီး မြန်မာအပါအဝင် ကျူးကျော်ခံနိုင်ငံများ၌ ခေတ်မီအစွမ်းထက် လက်နက်များမရှိခဲ့သဖြင့် တစ်ကြောင်း၊ ကျူးကျော်ခံနိုင်ငံများ၌ စည်းလုံးညီညွတ်မှုမရှိခြင်းကြောင့် တစ်ကြောင်း ၁၈၈၅ ခုနှစ်တွင် မြန်မာတို့ ကျွန်ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

အဆိုပါအတွေ့အကြုံများမှ သင်ခန်းစာ ထုတ်ယူပြီး နောက်နောင်မိမိတို့နိုင်ငံကို ကာကွယ်နိုင်စွမ်းရှိအောင် ခေတ်မီကာကွယ်ရေးစွမ်းပကား၊ အစွမ်းထက် လက်နက်အင်အားတို့ကို တိုးချဲ့လာကြခြင်းဖြစ်သည်။

ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ပွဲကြီးများတွင် ကမ္ဘာ့ပြည်သူများ ကုဋေချီပြီး သေကျေခဲ့ရသည်။ အိုးအိမ်ပစ္စည်းများ ပြာပုံဖြစ်ခဲ့ရသည်။ ကမ္ဘာ့ပြည်သူများက ဖန်တီးသော ကမ္ဘာစစ်ကြီးများမဟုတ်၊ ကိုလိုနီဝေစုရထားသော နိုင်ငံများနှင့် ကိုလိုနီဝေစု မရကြသည့် နောက်တိုးအရင်းရှင် (နယ်ချဲ့) နိုင်ငံများ ကိုလိုနီခွက်စောင်းခုတ်ပွဲ များသာဖြစ်သည်။ နယ်ချဲ့ချင်း ဗိုလ်လုပွဲ၊ နယ်လုပွဲဖြစ်သော ကမ္ဘာစစ်ကြီးများအတွင်း ကမ္ဘာ့ပြည်သူများ မြေစာပင် ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

အရင်းရှင်နိုင်ငံများ၏ အနေမတတ်၊ အထိုင်မတတ်မှုကြောင့် ကမ္ဘာ့စီးပွားရေးကပ်များ ဆိုက်ရောက်လာတိုင်း အရင်းရှင်နယ်ချဲ့နိုင်ငံများက ၎င်းစီးပွားပျက်ကပ်၏ ဝန်ထုပ်ဝန်ပိုးများကို ၎င်းတို့သိမ်းချုပ်ထားသည့် လက်အောက်ခံ ကိုလိုနီနိုင်ငံများ၊ (ဝါ)ဆင်းရဲသောနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ပုံချကြမြဲ ဖြစ်လေသည်။ ၁၉၂၉-၁၉၃၀ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်တွင် အင်္ဂလိပ်တို့သည် ၎င်းတို့ခံရမည့်ဒဏ်ကို မြန်မာအပါအဝင် ကိုလိုနီနိုင်ငံများအပေါ် ပုံချခဲ့လေသည်။ ထိုနှစ်များက မြန်မာနိုင်ငံတွင် လူများစု အငတ်ဘေးဆိုက်ခဲ့၏။

ကျွန်ဘဝလောကစံကို ကြံ့ကြံ့ခံပြီး မြန်မာအပါအဝင် ကမ္ဘာ့ကျွန်ပြုခံနိုင်ငံများမှ ပြည်သူများသည် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများဆင်ခဲ့ကြ၏။ ဒုတိယကမ္ဘာစစ်အပြီး ၂၀ရာစု၏ ဒုတိယနှစ်ဝက်အတွင်း နိုင်ငံပေါင်း တစ်ရာကျော် ကိုလိုနီထမ်းပိုးအောက်မှ ရုန်းထွက်နိုင်ခဲ့သည်။ ၁၉၄၅ခုနှစ် အောက်တိုဘာလ ၂၄ရက်နေ့တွင် ကမ္ဘာစစ်ပွဲကြီးမျိုး ထပ်မံမဖြစ်ပွားစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်း လွတ်လပ်ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး စတင်ဖွဲ့စည်းခဲ့သည်။ ၅၁နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် ယခုအခါ အဖွဲ့ဝင်နိုင်ငံ ၁၉၂နိုင်ငံ ရှိနေပြီဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် UN Charter ခေါ် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးအတိုင်း လိုက်နာပါမည်ဟု ဝန်ခံကတိပေး ပဋိညာဉ်ပြုလက်မှတ်ရေးထိုးကြရ၏။ ကုလသမဂ္ဂပိဋိညာဉ် စာချုပ်ပါမှုများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့် ကိုက်ညီပေသည်။ နိုင်ငံတစ်ရာကျော်ပါဝင်သော ဘက်မလိုက်နိုင်ငံများ၏ ဘန်ဒေါင်းညီလာခံ ကြေညာချက်ပါမှုများနှင့်လည်း မကွဲမပြားတစ်သားတည်း တူညီလှပေသည်။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါမှုများအရ ကမ္ဘာ့နိုင်ငံအားလုံး (နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ) တန်းတူရည်တူရှိရမည်။ ကုလသမဂ္ဂတွင် မဲခွဲဆုံးဖြတ်သောအခါ ကမ္ဘာ့လက်နက်အင်အား၊ ဓနအင်အားအကြီးဆုံး အမေရိကန်လည်း တစ်မဲသာပေးခွင့်ရှိသည်။ လူဦးရေအများဆုံး (သန်းပေါင်း-၁၃၀၀)ရှိသော တရုတ်နိုင်ငံလည်း တစ်မဲ၊ ကမ္ဘာမြေ၏ ခြောက်ပုံတစ်ပုံခန့် ကျယ်ပြန့်ကြီးမားသော ရုရှားနိုင်ငံလည်း တစ်မဲ၊ နိုင်ငံအကျယ်အဝန်း တစ်စတုရန်းမိုင် လူဦးရေသောင်းဂဏန်းမျှရှိသော မိုနာကိုနိုင်ငံလည်း တစ်မဲပေးခွင့်ရှိကြသည်။ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားနိုင်ငံအားလုံးက လေးစားရမည်၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို မည်သည့်နိုင်ငံကမျှ ဝင်မစွက်ဖက်ရ၊ နယ်မြေမကျူးကျော်ရ၊ နိုင်ငံရေးအငြင်းပွားမှုများကို နိုင်ငံရေး စားပွဲဝိုင်းများမှာသာ ဆွေးနွေးဖြေရှင်းရမည်၊ စစ်ရေးအရ မဖြေရှင်းရဟု အတိအလင်း သတ်မှတ်ပြဋ္ဌာန်းထားပေသည်။

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာ့ကိုလိုနီနယ်ချဲ့စနစ်ကို တရားဝင်ဖျက်သိမ်းထားသည်။ နိုင်ငံတစ်ခုကို သယံဇာတအလို့ငှာလည်းကောင်း၊ မိမိတို့စစ်စခန်း၊ စီးပွားရေး၊ စားကျက်၊ နိုင်ငံရေးအချက်အချာဖြစ်ရန် စစ်ရေးကျူးကျော်ခြင်းကို ကုလသမဂ္ဂပဋိညာဉ်က တားမြစ်ထားလေသည်။

သို့သော် အကြောင်းပြချင်ရာပြကာ ကုလသမဂ္ဂပဋိညာဉ်၊ နိုင်ငံတကာဥပဒေစံနှုန်း ဘေးချိတ်ပြီး မိမိတို့လိုဘပြည့်ရန် ယနေ့ကျူးကျော်တိုက်ခိုက်၊

စာမျက်နှာ ၇ ကော်လံ ၁

ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါမှုများအရ ကမ္ဘာ့နိုင်ငံအားလုံး (နိုင်ငံ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ) တန်းတူရည်တူရှိရမည်။ ကုလသမဂ္ဂတွင် မဲခွဲဆုံးဖြတ်သောအခါ ကမ္ဘာ့လက်နက်အင်အား၊ ဓနအင်အားအကြီးဆုံး အမေရိကန်လည်း တစ်မဲသာပေးခွင့်ရှိသည်။ လူဦးရေအများဆုံး (သန်းပေါင်း-၁၃၀၀)ရှိသော တရုတ်နိုင်ငံလည်း တစ်မဲ၊ ကမ္ဘာမြေ၏ ခြောက်ပုံတစ်ပုံခန့် ကျယ်ပြန့်ကြီးမားသော ရုရှားနိုင်ငံလည်း တစ်မဲ၊ နိုင်ငံအကျယ်အဝန်း တစ်စတုရန်းမိုင် လူဦးရေသောင်းဂဏန်းမျှရှိသော မိုနာကိုနိုင်ငံလည်း တစ်မဲပေးခွင့်ရှိကြသည်။ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားနိုင်ငံအားလုံးက လေးစားရမည်၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို မည်သည့်နိုင်ငံကမျှ ဝင်မစွက်ဖက်ရ၊ နယ်မြေမကျူးကျော်ရ၊ နိုင်ငံရေးအငြင်းပွားမှုများကို နိုင်ငံရေး စားပွဲဝိုင်းများမှာသာ ဆွေးနွေးဖြေရှင်းရမည်၊ စစ်ရေးအရ မဖြေရှင်းရဟု အတိအလင်း သတ်မှတ်ပြဋ္ဌာန်းထား။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ ၆မှ

သိမ်းပိုက် (သူ့ကျွန်ပြုခံ)နေရသော နိုင်ငံများကို နိုင်ငံခြား သတင်းများ၌ တွေ့နေရပေသည်။ နေ့စဉ်နှင့်အမျှ ဗုံးကြဲ၊ ဒုံးကြဲ၊ အမြောက်ပစ်၊ မြေပြင်တွင် စစ်ယာဉ်၊ စစ်လက်နက်ဆန်းများဖြင့် ပစ်ခတ်၊ နိုင်ငံများစွာမှ ပြည်သူများ သေကျေနေကြရသည်။ အိုးအိမ်၊ လမ်းတံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ စက်ရုံများ အမှုန့်ဖြစ်နေရသည်။ ကျူးကျော်ခံနိုင်ငံများက ပြည်သူများကိုလိုနီကျွန် ပြန်ဖြစ်နေကြရသည်။ နိုင်ငံပိုင် သယံဇာတများ (ဥပမာ-ရေနံ)ကို စိမ်ပြေနပြေ ထုတ်ယူသွားနေကြသည်။ ပွင့်ပွင့်လင်းလင်း ဆိုရလျှင် ထိုနိုင်ငံများ၏ လွတ်လပ်ရေး ရေစုန် နစ်မျောပါသွားနေပေပြီ။

ပထမကမ္ဘာစစ်အတွင်း နယ်ချဲ့ချင်း ကိုလိုနီလု၊ ဗိုလ်လုတိုက်ခိုက်သဖြင့် အရပ်သား ၁၀သန်းကျော်၊ ဒုတိယကမ္ဘာစစ်အတွင်း သန်း ၆၀ကျော်၊ ၁၉၄၅ ခုနှစ် ဩဂုတ်လက ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့ နှစ်မြို့ပေါ် အမေရိကန်တို့ကြဲချသော အဏုမြူဗုံးနှစ်လုံးကြောင့် အရပ်သားလေးသိန်းကျော်၊ ဗီယက်နမ်စစ်ပွဲတွင် ကျူးကျော်သူအမေရိကန်တို့ လက်ချက်ဖြင့် သေဆုံးရသည့် အရပ်သားတစ်သန်းကျော်၊ ယနေ့အီရတ်အား အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်စစ်တွင် သေဆုံးရသည့် အရပ်သားခုနစ်သိန်းကျော်၊ အာဖဂန်ကျူးကျော်စစ်ဖန်တီးသော အမေရိကန်နှင့်အပေါင်းပါ ဥရောပနယ်ချဲ့နိုင်ငံများပါဝင်သည့် နေတိုးအုပ်စုကြောင့် သေဆုံးရသည့် အရပ်သားသုံးသောင်းကျော်၊ အာဖရိကစစ်ပွဲတွင် သေဆုံးရသူ သန်းပေါင်းများစွာ၊ ဒဏ်ရာရသူ သန်းပေါင်းများစွာ၊ အိုးမဲ့အိမ်မဲ့၊စစ်ပြေးဒုက္ခသည် သန်းပေါင်းများစွာတို့သည် ကိုလိုနီစနစ်ဟောင်းနှင့် ကိုလိုနီစနစ်သစ် ရောသမမွှေပြီး ကျူးကျော်နေမှုများ၏ ဒဏ်ကို မရှုမလှခံနေကြရသည်။

လွတ်လပ်ရေးဆုံးရှုံးလျှင် နိုင်ငံပြိုကွဲမည်၊ နိုင်ငံသားတို့ ကျွန်ပြန်ဖြစ်မည်၊ နိုင်ငံပိုင် သယံဇာတ ဓနဥစ္စာများ ခြယ်လှယ်သွေးစုပ် ထုတ်ယူသွားသည်ကို လက်မှိုင်ချ ထိုင်ကြည့်နေရမည်။ သို့ဖြစ်၍ **နိုင်ငံလွတ်လပ်ရေးသည် မိမိတို့အသက်တမျှ အရေးကြီးသည်ကို သဘောပေါက်ကြ၍ လည်းကောင်း၊ ကမ္ဘာတစ်ခွင် နေ့စဉ်ထောင်းလမောင်းထနေသော နယ်ချဲ့ကျူးကျော်စစ်များ၊ စွက်ဖက်နှောင့်ယှက်မှုများကြောင့် နိုင်ငံများစွာမှ ပြည်သူများ ငရဲအိုးထဲကျသလို မရှုမလှခံနေကြရသည်ကို ကြည့်ရှုသင်ခန်းစာယူကြ၍လည်းကောင်း မြန်မာ့ လွတ်လပ်ရေးကို မြန်မာတို့ စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားရန် ဒို့တာဝန်အရေးသုံးပါးဖြင့် သန္နိဋ္ဌာန် ခိုင်ခိုင်ချမှတ်နေခြင်း ဖြစ်ပေသတည်း။** ။

နိုင်ငံလွတ်လပ်ရေးသည် မိမိတို့ အသက်တမျှ အရေးကြီးသည်ကို သဘောပေါက်ကြ၍ လည်းကောင်း၊ ကမ္ဘာတစ်ခွင် နေ့စဉ် ထောင်းလမောင်းထနေသော နယ်ချဲ့ကျူးကျော်စစ်များ၊ စွက်ဖက်နှောင့်ယှက်မှုများကြောင့် နိုင်ငံများစွာမှ ပြည်သူများ ငရဲအိုးထဲ ကျသလို မရှုမလှခံနေကြရသည်ကို ကြည့်ရှုသင်ခန်းစာ ယူကြ၍ လည်းကောင်း မြန်မာ့လွတ်လပ်ရေးကို မြန်မာတို့ စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားရန် ဒို့တာဝန်အရေး သုံးပါးဖြင့် သန္နိဋ္ဌာန်ခိုင်ခိုင် ချမှတ်နေခြင်းဖြစ်။

လွတ်လပ်ရေးပန်း

* "လွတ်လပ်ရေး"ကို၊ ပေးစေလိုဟု
တြွေးငိုမြည်တ၊ တောင်းပန်ခ၍
ရခဲ့သည်လည်း၊ မဟုတ်ချေ။

* "လွတ်လပ်ရေး"ဟူ၊ ပိုင်လိုမှုသော်
လွယ်ကူရေအင့်၊ ဆုရှီးမြင့်၍
ပိုင်ခွင့်ရသည် မဟုတ်ချေ။

* "လွတ်လပ်ရေး"ဆို၊ ပန်းပွင့်ချီနှယ်
အလိုအလျောက်၊ မြေမှပေါက်ကာ
ထမြောက်ခဲ့သည် မဟုတ်ချေ။

* "လွတ်လပ်ရေး" အတွက်၊ သွေးအသက်ကို
ပေးဆက်ခဲ့ကြောင်း၊ တွက်ရေပေါင်းသော်
သွေးချောင်းပင်လယ် တမျှတည်း။

* လွတ်လပ်ရေးအတွက်၊ တဲ့သောလက်တို့
မပျက်ခိုင်မြဲ၊ ရင်ဆိုင်နွှဲသည်
တိုက်ပွဲရာထောင်မကတည်း။

* လွတ်လပ်ရေးအတွက်၊ နာကြည်းချက်ဖြင့်
ချိန်းချက်တော်လှန်၊ တက်ခေါက်သံတို့
မိုးယံချဉ်းမျှ ညံတိတည်း။

* အိုး....ချစ်သောပြည်သူ
ပြည်သူသတိ၊ အစဉ်ရှိလော့
ပြည်၏ သက်သွေး၊ လွတ်လပ်ရေးကို
လေးလေးမြတ်မြတ်၊ စောင့်ရှောက်အပ်လော့
လွတ်လပ်ရေးပန်း၊ မွှေးကြိုင်လန်းမှ
ငြိမ်းချမ်းသာယာ၊ ခံ့ထည်စွာလျှင်
မြန်မာ့အခွန့်ရှည်လိမ့်တည်း....။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ခွန်ရဲသွေး(အေးသာယာ)

အသိတရား

ကာတွန်း-စံဝင်း

နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လျှပ်စစ်ဓာတ်အားများ နှစ်စဉ်တိုးတက်ရရှိရေး ကြိုးပမ်းထုတ်လုပ်လျက်ရှိ၊ မဝေးတော့သော အနာဂတ်ကာလတွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားများဖူလုံပိုလျှံသည့် အခြေအနေသို့ ရောက်ရှိလာမည်

❍ ရွှေဖုံးမှ

ထို့ပြင် မြို့ပြဒေသများ တိုးချဲ့ပေါ်ပေါက်လာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာကာ လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏ အဆပေါင်းများစွာ မြင့်တက်လာခဲ့သည်။

နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၅ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိကြောင်း တွက်ချက်မှုအရ သိရသည်။

၁၉၈၈ခုနှစ် မတိုင်မီကာလဆီက မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ လောပိတနှင့် ကင်းတားစက်ရုံ နှစ်ရုံ၏ စက်တပ်ဆင်အားသည် ၁၉၆မဂ္ဂါဝပ်နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခုနစ်ရုံရှိခဲ့သဖြင့် ၄င်း လျှပ်စစ်ဓာတ်အားပေးစက်ရုံ ကိုးရုံ၏ စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အားမှာ ၅၂၉ ဒသမ ၁၀ မဂ္ဂါဝပ် ဖြစ်သည်။ ၁၉၈၈ခုနှစ်မှ ယနေ့အထိ မဟာဓာတ်အားလိုင်းစနစ်အတွင်းတွင် အကျုံးဝင်ကာ တိုးချဲ့တည်ဆောက်ပြီးသည့် ရေအားလျှပ်စစ်စက်ရုံများဖြစ်သော ဆည်တော်ကြီး၊ ဘီလူးချောင်း(၁)၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ဇောင်းတူ၊ သဖန်းဆိပ်၊ ပေါင်းလောင်း၊ မုန်း၊ ပသိ၊ ရဲနွယ်၊ ခပေါင်းနှင့် ကျိုင်းတောင်း စသည်တို့ အပါအဝင် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံနှင့် သဘာဝဓာတ်ငွေ့သုံး စက်ရုံများ၏ လျှပ်စစ်စက်တပ်ဆင်အားမှာ ၂၂၅၅ဒသမ ၉မဂ္ဂါဝပ်အထိ ရှိလာသည်။ ထို့ကြောင့် လျှပ်စစ်စက်တပ်ဆင်အားသည် ၁၉၈၈ခုနှစ်မတိုင်မီနှင့် နှိုင်းယှဉ်လျှင် ၁၇၂၆ဒသမ ၈မဂ္ဂါဝပ်ခန့် တိုးတက်ထုတ်လုပ်လာနိုင်ခဲ့ပေပြီ။

အကောင်အထည်ဖော်

နိုင်ငံတော်အကြီးအကဲက လျှပ်စစ်စွမ်းအားထုတ်လုပ်ရာတွင် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ထပ်မံတိုးချဲ့ထုထောင်ရန် လမ်းညွှန်ချက်နှင့်အညီ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအရင်းအမြစ်များကို အသုံးချကာ ရေအားလျှပ်စစ်စီမံကိန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အထက်ကျိုင်းတောင်းစီမံကိန်း၊ မန္တလေးတိုင်း ရဲရွာစီမံကိန်း၊ အထက်ပေါင်းလောင်း စီမံကိန်း၊ နန့်ချိုစီမံကိန်း၊ မကွေးတိုင်းအတွင်း၌ မုန်းချောင်းတစ်လျှောက် အောက်ဖူးစီမံကိန်း၊ အထက်ဖူးစီမံကိန်းနှင့် ကြီးအုံကြီးဝစီမံကိန်း၊ ချင်းတွင်းမြစ်ဝှမ်းတွင် ထမံသီ၊ ရွှေစာရေး၊ မဏိပူ၊ ရာဇဂြိုဟ်နှင့် မြစ်သာစီမံကိန်း၊ ပဲခူးတိုင်းတွင် ဖြူးချောင်း၊ ကွန်းချောင်း၊ ရွှေကျင်၊ သောက်ရေခပ်(၂) စီမံကိန်းများ၊ ရခိုင်ပြည်နယ်တွင် သူဌေးချောင်းစီမံကိန်း၊ စိုင်တင်စီမံကိန်းနှင့် အမ်းချောင်းစီမံကိန်းအစရှိသည့် စီမံကိန်းများကို တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသည်။

ကွင်းဆင်းတိုင်းတာ

ဆက်လက်၍ သံလွင်စီမံကိန်း၊ ဧရာဝတီမြစ်ဆုံစီမံကိန်း၊ တာဆန်းစီမံကိန်းစသည့် မဟာစီမံကိန်းများကိုလည်း အကောင်အထည်ဖော်နိုင်ရန် ကွင်းဆင်းတိုင်းတာ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ပြီးစီးမည်

ဧရာဝတီမြစ်ဆုံ မေခ၊ မလိခ မြစ်ဝှမ်းစီမံကိန်း ခုနစ်ခုတွင် မြစ်ဆုံစီမံကိန်း မဂ္ဂါဝပ် ၄၁၀၀ နှင့် ချီဖွေစီမံကိန်း မဂ္ဂါဝပ် ၂၈၀၀ တို့သည် ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အ

စီမံကိန်းများ ပြီးစီးမှုအရ ၂၀၁၁-၂၀၁၂ခုနှ
လိုအပ်ချက်ကို ပိုမိုထုတ်လုပ် ဖြည့်တင်းပေ

ယခုတည်ဆောက်ဆဲ ရဲရွာရေအားလျှပ်
မြစ်ပေါ်၌ တည်ဆောက်ထားသည့် အလျား ၂
RCC ကွန်ကရစ် အမျိုးအစား ရေလှော
လျှပ်စစ်ထုတ်ယူမည့် နိုင်ငံ၏ အကြီးစားေ

ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာတွင် တည်ဆောက်အကော
ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတစ်ခုလုံး၏ လုပ်ငန်းခွင်ကို ဤသို့ တွေ့ရ
(ဓာတ်ပုံမှတ်တ

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ စိုင်တင်ရေအားလျှပ်စစ်စီမံကိန်း မြင်ကွင်းပသာဒ....။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

**၁၉၈၈ ခုနှစ် မတိုင်မီကာလဆီက မဟာဓာတ်အားလိုင်းစန
စက်ရုံ လောပိတနှင့် ကင်းတားစက်ရုံ နှစ်ရုံ၏ စက်တပ်ဆင်
ဓာတ်အားပေးစက်ရုံ ခုနစ်ရုံ ရှိခဲ့သဖြင့် ၄င်းလျှပ်စစ်ဓာတ်
တပ်ဆင်အားမှာ ၅၂၉ ဒသမ ၁၀ မဂ္ဂါဝပ်ဖြစ်။ ၁၉၈၈ ခုနှစ်
အကျုံးဝင်ကာ တိုးချဲ့တည်ဆောက်ပြီးသည့် ရေအားလျှပ်စစ်စ
ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ ဇောင်းတူ၊ သဖန်းဆိပ်၊ ပေါင်းလော
စသည်တို့အပါအဝင် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အ
လျှပ်စစ်စက်တပ်ဆင်အားမှာ ၂၂၅၅ ဒသမ ၉မဂ္ဂါဝပ်အ
၁၉၈၈ ခုနှစ်မတိုင်မီနှင့် နှိုင်းယှဉ်လျှင် ၁၇၂၆ ဒသမ ၈ မဂ္ဂ**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

အထက်ကျိုင်းတောင်း စီမံကိန်း၊ မန္တလေးတိုင်း ရဲရွာစီမံကိန်း၊ အထက်ပေါင်းလောင်းစီမံကိန်း၊ နန်ချိုစီမံကိန်း၊ မကွေးတိုင်းအတွင်း၌ မုန်းချောင်း တစ်လျှောက် အောက်ပုံးစီမံကိန်း၊ အထက်ပုံးစီမံကိန်းနှင့် ကြီးအုံကြီးဝ စီမံကိန်း၊ ချင်းတွင်းမြစ်ဝှမ်းတွင် ထမံသီ၊ ရွှေစာရေး၊ မဏိပူ၊ ရာဇဂြိုဟ်နှင့် မြစ်သာစီမံကိန်း၊ ပဲခူးတိုင်းတွင် ဖြူးချောင်း၊ ကွန်းချောင်း၊ ရွှေကျင်၊ သောက်ရေခပ်(၂) စီမံကိန်းများ၊ ရခိုင်ပြည်နယ်တွင် သူငွေးချောင်းစီမံကိန်း၊ စိုင်တင်စီမံကိန်းနှင့် အမ်းချောင်း စီမံကိန်းအစရှိသည့် စီမံကိန်းများကို တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိ။

စီမံကိန်းများ ပြီးစီးမှုအရ ၂၀၁၁-၂၀၁၂ခုနှစ်မှစပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုထုတ်လုပ် ဖြည့်တင်းပေးနိုင်တော့မည် ဖြစ်သည်။

ယခုတည်ဆောက်ဆဲ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်ထားသည့် အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ပေရှိ **RCC** ကွန်ကရစ် အမျိုးအစား ရေလှောင်တမံဖြစ်ပြီး ရေအားဖြင့် လျှပ်စစ်ထုတ်ယူမည့် နိုင်ငံ၏ အကြီးစားရေအားလျှပ်စစ် စီမံကိန်းကြီး ဖြစ်သည်။ ရဲရွာ **RCC** တမံသည် ကမ္ဘာပေါ်၌ အကြီးဆုံး **RCC** တမံစာရင်း၌ တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါစီမံကိန်းမှ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်သုံးစွဲနိုင်မည့် လျှပ်စစ်ဓာတ်အား ပမာဏမှာ ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ ဖြစ်သည်။

...ာ် ခြောက်မိုင်ခန့်အကွာတွင် တည်ဆောက်အကောင်အထည်ဖော်လျက် ...မံကိန်းတစ်ခုလုံး၏ လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စူးစမ်းလေ့လာ

လျှပ်စစ်ကဏ္ဍသည် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးအတွက် အသေးစား ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း နိုင်ငံတော်က ဖြစ်နိုင်ခြေရှိသည့် နေရာများ၌ စူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းပုံစံထုတ်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

လေ့လာတွေ့ရှိ

ပြည်နယ်နှင့်တိုင်းအသီးသီး၌ အလားအလာကောင်းသော အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများအနေဖြင့် ကီလိုဝပ် ၁၀၀မှ ၁မဂ္ဂါဝပ်၊ ၁မဂ္ဂါဝပ်မှ ၂မဂ္ဂါဝပ်၊ ၂မဂ္ဂါဝပ်မှ ၅မဂ္ဂါဝပ်အထိ ဓာတ်အားထုတ်ယူ ရရှိနိုင်မည့်နေရာများကို လေ့လာတွေ့ရှိထားပြီး ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်၌ တိုးတက်လာသည့် လူဦးရေနှင့် ဖွံ့ဖြိုးလာသည့် လူနေမှုစနစ်အတွက် လျှပ်စစ်ဓာတ်အား ဖူလုံမှုရှိစေရန် သဘာဝသယံဇာတ အခြေခံကောင်းများကို ကိုယ်ပိုင်နည်းပညာ လူ့စွမ်းအားဖြင့် ထုတ်ယူအသုံးချ ဆောင်ရွက်နေခြင်းဖြစ်သည်။

မျက်ဝါးထင်ထင်

ထို့ကြောင့် မကြာမီကာလတွင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ သူ့ထက်ငါ အစီအရီပေါ်ထွန်းလာမှာကို မျက်ဝါးထင်ထင် မြင်တွေ့ကြရမည် ဖြစ်သည်။

နိုင်ငံတော်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းကို ရင်းနှီးမြှုပ်နှံမှုများစွာ ကြိုးပမ်းတည်ဆောက်နေသကဲ့သို့ ဓာတ်အား သုံးစွဲသူ တိုင်းရင်းသားပြည်သူများသို့ အရောက်ဖြန့်ဖြူးပေးပို့သော ဓာတ်အားလိုင်းစနစ်နှင့် ဓာတ်အားခွဲရုံများကို တစ်ပြိုင်တည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်း ပင်မတမံနှင့် ရေပိုလွှဲ (ရေခေါ်မြောင်း) ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အနာဂတ်ကာလတွင် နိုင်ငံတစ်ဝန်းလုံး၌ လျှပ်စစ်ဓာတ်အားများ ဖူလုံပိုလျှံသည့်အခြေအနေသို့ ရောက်ရှိလာမည်ဖြစ်၍ ပြည်ထောင်စု၏ ဒေသအသီးသီး၌နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝမြင့်မားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်တော့မည် ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရန် ဖြစ်နိုင်စွမ်းရှိသော ရေအရင်းအမြစ်များ

၂၀၀၉ခုနှစ် မေလအထိ လေ့လာချက်များအရ ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ရန်ဖြစ်နိုင်သော ရေအရင်းအမြစ် ၃၀၂ခုရှိပြီး ရရှိနိုင်သော လျှပ်စစ်စက်တပ်ဆင်အားမှာ စုစုပေါင်း ၄၆၃၃၀ ဒသမ ၅၅ မဂ္ဂါဝပ်ဖြစ်ပေသည်။

တိုးချဲ့အကောင်အထည်ဖော်

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ရန်နှင့် စက်မှုနိုင်ငံအဖြစ် ရောက်ရှိလာစေရန် ရည်ရွယ်ပြီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အနှစ်၃၀ နှစ်ရှည် လျှပ်စစ်ဖွံ့ဖြိုးရေး မဟာဗျူဟာချမှတ်ကာ ကာလတိုငါးနှစ်စီမံကိန်းများအလိုက် တည်ဆောက်ရမည့် ရေအားလျှပ်စစ်စီမံကိန်းများကို အောက်ပါအတိုင်း တိုးချဲ့အကောင်အထည်ဖော်နေပြီဖြစ်သည်-

စဉ်	စီမံကိန်းကာလ/နှစ်	ကာလတွင်ရှိရမည့် လျှပ်စစ်စက် တပ်ဆင်အား မဂ္ဂါဝပ်
၁	ပထမ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၀၅-၂၀၀၆)ခုနှစ်	၃၁၈၆
၂	ဒုတိယ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၁၀-၂၀၁၁)ခုနှစ်	၈၆၂၀
၃	တတိယ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၁၅-၂၀၁၆)ခုနှစ်	၁၁၁၅၄
၄	စတုတ္ထ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၂၀-၂၀၂၁)ခုနှစ်	၁၂၀၇၆
၅	ပဥ္စမ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၂၅-၂၀၂၆)ခုနှစ်	၁၇၂၀၂
၆	ဆဋ္ဌမ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၃၀-၂၀၃၁)ခုနှစ်	၂၃၃၂၄

နိုင်ငံတော်အစိုးရသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး ပြည်ထောင်စုတစ်ဝန်းရှိ သဘာဝ သယံဇာတများနှင့် ရေခံ၊ မြေခံ၊ အခြေခံကောင်းများကို ထိရောက်စွာ အသုံးချ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး သားစဉ်မြေးဆက် လက်ဆင့်ကမ်း သုံးစွဲသွားနိုင်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ တီထွင်ကြံဆကာ ပုံဖော်တည်ဆောက်ပေးနေခြင်းဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁

...ဝီက မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်သော ရေအားလျှပ်စစ်ဓာတ်အားပေး ...စက်ရုံ နှစ်ရုံ၏ စက်တပ်ဆင်အားသည် ၁၉၆ မဂ္ဂါဝပ်နှင့် သဘာဝဓာတ်ငွေ့သုံး ...ရှိခဲ့သဖြင့် ၄င်းလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကိုးရုံ၏ စုစုပေါင်း လျှပ်စစ်စက် ...၀ မဂ္ဂါဝပ်ဖြစ်။ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ မဟာဓာတ်အားလိုင်းစနစ်အတွင်းတွင် ...က်ပြီးသည့် ရေအားလျှပ်စစ်စက်ရုံများဖြစ်သော ဆည်တော်ကြီး၊ ဘီလူးချောင်း(၁)၊ ...တူ၊ သဖန်းဆိပ်၊ ပေါင်းလောင်း၊ မုန်း၊ ပသိ၊ ရဲနွယ်၊ ခပေါင်းနှင့် ကျိုင်းတောင်း ...းသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံနှင့် သဘာဝဓာတ်ငွေ့သုံး စက်ရုံများ၏ ...၂၂၅၅ ဒသမ ၉မဂ္ဂါဝပ်အထိရှိ။ ထို့ကြောင့် လျှပ်စစ်စက်တပ်ဆင်အားသည် ...ှဉ်လျှင် ၁၇၂၆ ဒသမ ၈ မဂ္ဂါဝပ်ခန့် တိုးတက်ထုတ်လုပ်လာနိုင်ခဲ့ပေပြီ။

 (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

စာမျက်နှာ ၉ မှ

ဤကဲ့သို့ တည်ဆောက် အကောင်အထည်ဖော်ရာတွင် နယ်မြေဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအကြား ဆူကြုံနိမ့်မြင့် ကွာဟချက်နည်းနိုင်သမျှနည်းစေရန် ဒေသအသီးသီး မြန်မြန်ဆန်ဆန် မျှမျှတတ ဖွံ့ဖြိုးစည်ပင်လာအောင်ရည်မှန်းပြီး ပြည်ထောင်စုစိတ်ဓာတ် အရင်းခံစေတနာမှန်ဖြင့် ကြိုးပမ်းဖော်ဆောင်နေခြင်းပင် ဖြစ်သည်။

ရေအားလျှပ်စစ်စီမံကိန်းများနှင့် အနာဂတ်လျှပ်စစ်စွမ်းအား မျှော်မှန်းချက်

လက်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်အား၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် တည်ဆောက်ဆဲ၊ ဆက်လက်တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ၏ အနေအထားကိုကြည့်ပါက အနာဂတ် လျှပ်စစ်စွမ်းအားမျှော်မှန်းချက်ကို အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်-

စဉ်	စက်ရုံများ	အရေအတွက်	စက်တပ်ဆင်အား (မဂ္ဂါဝပ်)	တစ်နှစ်ထုတ်လုပ်နိုင်မည့် ကီလိုဝပ်နာရီသန်းပေါင်း
က	လက်ရှိဓာတ်အားပေးစက်ရုံများ	၃၀	၂၂၅၅·၉၀	၁၄၁၄၉·၂၀
ခ	တည်ဆောက်ဆဲစီမံကိန်းများမှ ဖြစ်ပေါ်လာမည့် ဓာတ်အားပေးစက်ရုံများ	၃၃	၁၀၃၉၀·၅၀	၁၅၅၅၈၄·၀၀
ဂ	ဆက်လက်တည်ဆောက်မည့်စီမံကိန်းများမှ ဖြစ်ပေါ်လာမည့် ဓာတ်အားပေးစက်ရုံများ	၁၀	၄၀၅၈·၀၀	၁၉၀၁၆·၀၀
	စုစုပေါင်း	၇၃	၁၆၇၀၄·၄၀	၁၈၈၇၄၉·၂၀

ဆက်လက်တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	စီမံကိန်း	စက်တပ်ဆင်အား (မဂ္ဂါဝပ်)	နှစ်စဉ်ထုတ်လုပ်နိုင်မည့် ကီလိုဝပ်နာရီသန်းပေါင်း
၁	ရွှေလီ(၃)	၈၀၀	၃၉၉၅
၂	ဘောဂထ	၁၆၈	၅၀၀
၃	ဘီးလင်း	၂၈၀	၁၅၁၂
၄	ဒယိုင်ချောင်း	၂၅၀	၈၇
၅	သကျက်	၂၀	၉၅
၆	တာပိန်(၂)	၁၄၀	၆၃၃
၇	ရွှေလီ(၂)	၆၄၀	၃၃၁၀
၈	ရွှေစာရေး	၆၆၀	၂၉၀၈
၉	တနင်္သာရီ	၆၀၀	၃၄၇၆
၁၀	လေးမြို့	၅၀၀	၂၅၀၀
	စုစုပေါင်း	၄၀၅၈	၁၉၀၁၆

နိုင်ငံအတွင်း ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရန် ဖြစ်နိုင်စွမ်းရှိသည့် ရေအရင်းအမြစ်များ

စဉ်	ပြည်နယ်/တိုင်း	ဖြစ်နိုင်စွမ်းရှိသော စီမံကိန်းအရေအတွက်	စက်တပ်ဆင်အား (မဂ္ဂါဝပ်)
၁	ကချင်ပြည်နယ်	၁၉	၁၈၇၄၄·၅
၂	ကယားပြည်နယ်	၅	၉၅၄·၀
၃	ကရင်ပြည်နယ်	၉	၇၀၆၄·၀
၄	စစ်ကိုင်းတိုင်း	၆	၂၈၃၀·၀
၅	တနင်္သာရီတိုင်း	၆	၇၁၁·၀
၆	ပဲခူးတိုင်း	၈	၅၃၈·၀
၇	မကွေးတိုင်း	၅	၃၅၉·၀
၈	မန္တလေးတိုင်း	၉	၁၅၅၅·၀
၉	မွန်ပြည်နယ်	၂	၂၉၀·၀
၁၀	ရခိုင်ပြည်နယ်	၆	၇၆၄·၅
၁၁	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၄	၇၁၉·၈
၁၂	ရှမ်းပြည်နယ်(တောင်ပိုင်း)	၈	၇၅၆၉·၅
၁၃	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၅	၄၀၀၀·၀
	စုစုပေါင်း	၉၂	၄၆၀၉၉·၃

အနီးစပ်ဆုံးနှင့် အမြန်ဆုံးပြီးစီးသွားနိုင်မည့် စီမံကိန်းများ

စဉ်	စီမံကိန်းအမည်	စက်တပ်ဆင်အား (မဂ္ဂါဝပ်)	ပြီးစီးမည့်ခုနှစ်
၁	ရဲရွာစီမံကိန်း	၇၉၀	၂၀၁၀
၂	ရွှေကျင်စီမံကိန်း	၇၅	၂၀၁၀
၃	ချီဖွေငယ်စီမံကိန်း	၉၉	၂၀၁၁
၄	ကွန်းချောင်းစီမံကိန်း	၆၀	၂၀၁၁
၅	ဖြူးချောင်းစီမံကိန်း	၄၀	၂၀၁၁
၆	နန်ချိုစီမံကိန်း	၄၀	၂၀၁၁
၇	တာပိန်(၁)စီမံကိန်း	၂၄၀	၂၀၁၁
၈	အထက်ပေါင်းလောင်းစီမံကိန်း	၁၄၀	၂၀၁၂
၉	သောက်ရေခပ်(၂)စီမံကိန်း	၁၂၀	၂၀၁၂
၁၀	ဘီလူးချောင်း(၃)စီမံကိန်း	၅၂	၂၀၁၂
	စုစုပေါင်း	၁၆၅၆	

နှစ်အလိုက် လျှပ်စစ်စက်တပ်ဆင်အား တိုးတက်လာမည့်အခြေအနေ

၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တစ်နှစ်ပြီးတစ်နှစ် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိမည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည် -

ခုနှစ်	စက်ရုံ အရေအတွက်	လက်ရှိလျှပ်စစ် စက်တပ်ဆင်အား (မဂ္ဂါဝပ်)	တိုးတက်လာမည့် လျှပ်စစ်စက်တပ်ဆင်အား (မဂ္ဂါဝပ်)	ရှိလာမည့် လျှပ်စစ်စက်တပ်ဆင်အား (မဂ္ဂါဝပ်)
၂၀၀၉	၃၀	၂၂၅၅·၉	-	၂၂၅၅·၉
၂၀၁၀	၃၂	-	၈၆၅	၃၁၂၀·၉
၂၀၁၁	၃၇	-	၄၇၉	၃၅၉၉·၉
၂၀၁၂	၄၀	-	၃၁၂	၃၉၁၁·၉

ထုတ်လုပ်မှုပမာဏအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီကာလထက် လျှပ်စစ်စက်တပ်ဆင်အား ၁၇၂၆ဒသမ၈ မဂ္ဂါဝပ်ခန့် တိုးတက်ထုတ်လုပ်နိုင်ခဲ့သော်လည်း မြို့နေလူထု အဆမတန်များပြားလာခြင်း၊ လျှပ်စစ်သုံးစွဲမှု ပမာဏ အဆမတန်များပြားလာခြင်း၊ စက်ရုံ၊ အလုပ်ရုံများ အဆမတန်တိုးပွားလာခြင်း စသည်တို့ကြောင့် လက်ရှိအခြေအနေတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲမှုအချိုးမညီသေးသော်လည်း အထက်ပါ စီမံကိန်းများအရ မဝေးတော့သော အနာဂတ်ကာလတွင် ပြည်သူများ လျှပ်စစ်မီး အလုံအလောက် ရရှိရုံမျှမက စက်ရုံ၊ အလုပ်ရုံများလည်း ၂၄နာရီပတ်လုံး လည်ပတ်နိုင်တော့မည်ဖြစ်ပါကြောင်း သတင်းစကားပါး ရေးသားလိုက်ရပါသည်။ ။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်ထားသည့် အလျား၂၂၆၄ပေ၊ အမြင့် ၄၃၃ပေရှိ RCC ကွန်ကရစ် အမျိုးအစား ရေလှောင်တမံဖြစ်ပြီး ရေအားဖြင့် လျှပ်စစ်ထုတ်ယူမည့် နိုင်ငံ၏ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်၏။ ရဲရွာ RCC တမံသည် ကမ္ဘာပေါ်၌ အကြီးဆုံး RCC တမံ စာရင်း၌ တစ်ခုအပါအဝင်ဖြစ်၏။ အဆိုပါ စီမံကိန်းမှ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်သုံးစွဲနိုင်မည့် လျှပ်စစ်ဓာတ်အား ပမာဏမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၃၅၅၀ဖြစ်၏။

ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံကို ကျိုင်းတောင်းရေတံခွန်နှင့်အတူ ဤသို့ ပန်းရစ္စာတွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၉ခုနှစ် ကမ္ဘာ့အားကစားလောက၏ ထူးခြားသည့်ဖြစ်ရပ်များ

မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်စုစည်းရေးသားသည်။ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

၂၀၀၉ခုနှစ် ကုန်ဆုံးခဲ့ပြီ။ ၂၀၀၉ခုနှစ် တစ်နှစ်တာကာလကို ပြန်လည်ငဲ့စောင်း ကြည့်လိုက်သည့်အခါ အားကစားလောက၌ ထူးခြားသောဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့မှုကို တွေ့ရှိရသည်။ ထို့ကြောင့် ကုန်ဆုံးခဲ့သည့် တစ်နှစ်တာကာလအတွင်း ထူးခြားသည့် အားကစားဖြစ်ရပ်အချို့ကို မြန်မာ့အလင်းစာတည်းအဖွဲ့က ကောက်နုတ် စုစည်းဖော်ပြလိုက်ရပါသည်-

၂၀၀၉နှစ် တစ်နှစ်တာ အကောင်းဆုံးများ

၂၀၀၉ခုနှစ် တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီ၊ နည်းပြဆုကို ဘာစီလိုနာနည်းပြ ဂွါဒီရိုလာ၊ အစွမ်းဆောင်နိုင်ဆုံးနည်းပြဆုကို ဖာဂူဆန်၊ အကောင်းဆုံးဘောလုံးကလပ် ငါးသင်းမှာ ပထမ-ဘာစီလိုနာ၊ ဒုတိယ- ရီးရဲမက်ဒရစ်၊ တတိယ-မန်ယူ၊ စတုတ္ထ-ချယ်လ်ဆီး၊ ပဉ္စမ- အေစီမီလန်တို့ကို ဥရောပဘောလုံးအဖွဲ့ချုပ်က ရွေးချယ်ခဲ့သည်။

အကောင်းဆုံး နိုင်ငံလက်ရွေးစင်အသင်းနှင့် အကောင်းဆုံးပြိုင်ပွဲ

၂၀၀၉ခုနှစ် တစ်နှစ်တာကာလအတွင်း ကမ္ဘာတစ်ဝန်း နိုင်ငံလက်ရွေးစင် ဘောလုံးအသင်းများအနက် အကောင်းဆုံးဘောလုံးအသင်းအဖြစ် ဖီဖာက ဘရာဇီးအသင်းကို သတ်မှတ်ခဲ့သည်။ ဒုတိယ-စပိန်၊ တတိယ-အီတလီ၊ စတုတ္ထ-ဂျာမနီနှင့် ပဉ္စမ-အင်္ဂလန်အသင်းတို့ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ထို့အတူ ၂၀၀၉ခုနှစ်အတွက် ကမ္ဘာ့ဘောလုံး ပရိသတ်များအကြိုက်နှစ်သက်ဆုံး ဘောလုံးပြိုင်ပွဲများကို သတ်မှတ်ခဲ့ရာ ပထမ-ပရီမီယာလိဂ်၊ ဒုတိယ-လာလီဂါ၊ တတိယ-စီးရီးအေ၊ စတုတ္ထ-ဘွန်ဒတ်စ်လီဂါပြိုင်ပွဲများနှင့် ပဉ္စမ-၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲများဖြစ်ကြောင်း ဆက်လက်ဖော်ပြသည်။

အံ့ဖွယ် ဘောလုံးသမားပြောင်းရွှေ့နှုန်း

၂၀၀၉ ခုနှစ် နွေရာသီဘောလုံးသမားအပြောင်းအရွှေ့ ကာလ၌ မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀သည် ဘောလုံးသမားအပြောင်းအရွှေ့အဖြစ် ၁၉၀၅ ခုနှစ်မှ စတင်ကာ နှစ်ပေါင်း ၁၀၄နှစ်အတွင်း အမြင့်ဆုံး စံချိန်ဖြစ်သည်။ ထို့အတူ အေစီမီလန် တိုက်စစ်မှူး ကာကာလည်း ရီးရဲမက်ဒရစ် သို့ ပြောင်းရွှေ့ကြေးပေါင် ၅၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့ရာ ဒုတိယအများဆုံး စံချိန်ဖြစ်သည်။

လိဂ်အလိုက် ဖလားဆွတ်ခူးမှု

၂၀၀၉ ခုနှစ်အတွင်း ဖလားများဆွတ်ခူးရာ၌ စီးရီးအေတွင် အင်တာမီလန်အသင်းသည် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီအတွက် စီးရီးအေဖလားဆွတ်ခူးခဲ့ရာ လေးကြိမ်မြောက်ဆက်တိုက် ဖလားရရှိခြင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ပရီမီယာလိဂ်တွင် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီ၌ မန်ယူက ပရီမီယာလိဂ်ဖလားဆွတ်ခူးခဲ့ရာ သုံးကြိမ်ဆက်တိုက် ဖလားရရှိခြင်းဖြစ်သည်။ ဘွန်ဒတ်စ်လီဂါ၌ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်တို့ ဘွန်ဒတ်စ်လီဂါဖလားရရှိခဲ့ရာ နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘောလုံးအသင်းဝယ်ယူမှု

မန်စီးတီးကလပ်ပိုင်ရှင် ယူအေအီးစော်ဘွား ရှိတ်မင်ဆိုရာ ဘင်ဇာယက်အယ်နာယန်က ရီးရဲမက်ဒရစ်အသင်းကို ပေါင် တစ်ဘီလီယံနှင့် ဝယ်ယူရန်ကမ်းလှမ်းခြင်းသည် ၂၀၀၉ ခုနှစ်အတွင်း အားကစားလောက၌ အလှုပ်ခတ်ဆုံး ဘောလုံးအသင်းဝယ်ယူမှု သတင်းပင်ဖြစ်သည်။

ထူးခြားသည့် ဘာစီလိုနာ

ကမ္ဘာ့ဘောလုံးကလပ်များသမိုင်းတွင် တစ်နှစ်တည်း ဖလားခြောက်လုံးရရှိခဲ့မှု မှတ်တမ်းတင်နိုင်ခဲ့သည့်အသင်းဖြစ်သည်။ ထို့အတူ ၁၈၉၉ခုနှစ် နိုဝင်ဘာ ၂၉ရက်၌ ဘာစီလိုနာအသင်း စတင်ထူထောင်ခဲ့သည့် သမိုင်းတစ်လျှောက်တွင်လည်း ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဘာစီလိုနာအသင်းရရှိခဲ့သည့် ဖလားများမှာ ချန်ပီယံလိဂ်ဖလား၊ စပိန်ဘုရင့်ဖလား၊ ကိုပါဖလား၊ လာလီဂါဖလား၊ ယူအီးအက်ဖ်အေဖလား၊ ကမ္ဘာ့ကလပ်ဖလားတို့ဖြစ်သည်။ ပို၍ထူးခြားသည်မှာ နည်းပြအဖြစ် စတင်တာဝန်ယူသည့် ဂွါဒီရိုလာ၏ ပထမဆုံးဘောလုံးရာသီ၌ ဖြစ်နေခြင်းပင်။ တစ်ဖန် ၂၀၀၉ခုနှစ်အတွက် ဖီဖာ၏ အကောင်းဆုံးဘောလုံးသမားဆုကို ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီက ဆွတ်ခူးရရှိခဲ့ခြင်းပင် ဖြစ်သည်။ ထို့အပြင် ၂၀၀၉ခုနှစ်အတွက် ဘာစီလိုနာကို ကမ္ဘာ့အကောင်းဆုံးကလပ်အသင်းအဖြစ် ဖီဖာက အသိအမှတ်ပြုခဲ့သည်။

၂၀၀၉ခုနှစ်အတွင်း အိမ်ရှင်အဖြစ် ရွေးချယ်ခဲ့သည့် ပြိုင်ပွဲများ

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အင်္ဂလန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ၂၀၀၉ခုနှစ် ဒီဇင်ဘာ စတုတ္ထပတ်၌ ရွေးချယ်ခဲ့သည်။ ထို့အတူ ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်ရွေးချယ်ရာတွင် ပူးတွဲ ကျင်းပနိုင်သည့် နိုင်ငံများကို ဦးစားပေးသွားမည်ဟု ဖီဖာက သတင်းထုတ်ပြန်သည်။

၂၀၁၀လူငယ်အိုလံပစ် အားကစားပွဲ

၂၀၁၀ လူငယ်အိုလံပစ်အားကစားပွဲတော်ကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိသွားကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ)က နိုဝင်ဘာ ၁၅ရက်တွင် ကြေညာသည်။

ပြင်သစ် အိုးပင်းတင်းနစ်

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယာသည် ပြင်သစ်နိုင်ငံ ရိုလန်းဂါရော့စ်၌ ၂၀၀၉ ခုနှစ် ဇူလိုင် ၇ ရက်က ကျင်းပသော ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရိုဘင်ဆိုဒါလင်းအား အနိုင်ရပြီး ချန်ပီယံဆုဖလားကြီး ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းဖလားသည် ဖက်ဒဲယာအတွက် ၁၄လုံးမြောက် ဂရင်းဆလမ်ဖလားဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ရုရှားတင်းနစ်မယ် ကွတ်ဇ်နက်ဆိုဗာက တစ်နိုင်ငံတည်းသူ ဆာဖီနာအား အနိုင်ရပြီး ပြင်သစ်အိုးပင်း ချန်ပီယံဆုဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့သည်။

ယူအက်စ် အိုးပင်းတင်းနစ်

၂၀၀၉ခုနှစ် ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၁၃ရက်အထိ အမေရိကန်၌ ကျင်းပသော ယူအက်စ် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အာဂျင်တီးနားတင်းနစ်ကစားသမား ဂျူအန်မာတင် ဒယ်ပိုထရိုက ယူအက်စ်အိုးပင်းချန်ပီယံအဖြစ် ငါးကြိမ်ဆွတ်ခူးနိုင်ရေးကြိုးစားနေသော ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယာကို အနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ ယင်းဆုဖလားသည် ဒယ်ပိုထရိုအတွက် ပထမဆုံးသော ဂရင်းဆလမ်ဖလားဖြစ်သည်။

ကင်ကလစ္စတား

၂၀၀၉ခုနှစ် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးဗိုလ်လုပွဲတွင် ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်ကလစ္စတားသည် တင်းနစ်လောကမှ အနားယူပြီးနောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကယ်ရိုလိုင်းနားမှဝင်ဇီနီအား အနိုင်ရပြီး ချန်ပီယံဖြစ်ခဲ့သည်။ ၎င်းသည် ဂရင်းဆလမ်ဖလား ဆွတ်ခူးနိုင်သော ကလေးမိခင်ဖြစ်လာသည်။

တိုက်ဂါးဝုဒ်နှင့် ဂေါက်သီး

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် ဒီဇင်ဘာလဆန်းပိုင်းကဇနီးဖြစ်သူနှင့် ပြဿနာဖြစ်ပြီး နေအိမ်မှ ထွက်သွားစဉ် အိမ်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားရာမှ ဂေါက်သီးကစားခြင်းကို အကန့်အသတ်မရှိ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် ဂေါက်သီးအားကစား တစ်လောကလုံး အံ့သြမဆုံးဖြစ်ခဲ့ရသည်။ သို့သော်လည်း ဒီဇင်ဘာ ၁၈ရက်က တိုက်ဂါးဝုဒ်အား အေပီသတင်းဌာနက ရွေးချယ်သည့် ဆယ်စုနှစ်အကောင်းဆုံး အားကစားသမားအဖြစ် ရွေးချယ်ပေးခဲ့သည်။

ဝင်ဘယ်ဒန် ဖလား

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ကျင်းပသော ၂၀၀၉ခုနှစ် ဝင်ဘယ်ဒန်ဖလားတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယာက အမေရိကန်တင်းနစ်ကစားသမား အင်ဒီရော့ဒစ်ကိုနိုင်ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ ယင်းဖလားမှာ ဖက်ဒဲယာ၏ ၁၅လုံးမြောက် ဂရင်းဆလမ် ဖလားဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲတွင် ဆီရီနာဝီလျံက ကနေဒါမှ နက်စတာကိုနိုင်ပြီး ချန်ပီယံဖြစ်ခဲ့သည်။ ဖက်ဒဲယာနှင့် ဆီရီနာဝီလျံတို့သည် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်သည့်အတွက် ဆုဖလားနှင့်အတူ ဆုကြေးငွေ ပေါင် ၈၅၀၀၀၀ စီ ဆွတ်ခူးရရှိသွားကြသည်။ ယင်းတို့နှစ်ဦးအား ၂၀၀၉ခုနှစ်အတွင်း အကောင်းဆုံးပြိုင်ပွဲများ ယှဉ်ပြိုင်နိုင်ခဲ့သည့်အတွက် နိုင်ငံတကာတင်းနစ်အဖွဲ့ချုပ် (အိုင်တီအက်ဖ်)က တစ်နှစ်တာ အကောင်းဆုံးတင်းနစ်အားကစားသမားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

ဥရောပ ပြေးခုန်ပစ်ပြိုင်ပွဲ

၂၀၁၀ခုနှစ် ဥရောပ ပြေးခုန်ပစ်ပြိုင်ပွဲကို ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဥရောပ ပြေးခုန်ပစ်အဖွဲ့ချုပ်က နိုဝင်ဘာ ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့အကောင်းဆုံး ပြေးခုန်ပစ်ချန်ပီယံ

၂၀၀၉ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ပြေးခုန်ပစ်ချန်ပီယံဆုများကို ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်က ဂျမေကာနိုင်ငံသား တာတိုအပြေးသမား အူလ်စိန်ဘော့နှင့် အမေရိကန်နိုင်ငံသူ ဂျမေကာနိုင်ငံဖွား ဆန်ယာရစ်ချတ်စ်တို့အား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဩစတြေးလျ အိုးပင်းတင်းနစ်

ကမ္ဘာ့နံပါတ်နှစ်အဆင့်ရှိ တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁ရက်က ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိ ရော်ဂျာဖက်ဒဲယာကို နိုင်ပြီး ဩစတြေးလျအိုးပင်း ချန်ပီယံဆုဖလားကြီး ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းဩစတြေးလျ အိုးပင်းဖလားသည် ရာဖေးလ်နာဒယ်အတွက် ခြောက်လုံးမြောက် ဂရင်းဆလမ် ဖလားဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ရုရှားတင်းနစ်မယ်ဆာဖီနာက အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံအား အနိုင်ရပြီး ပထမဆုံးသော ဩစတြေးလျ အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။



အမြန်ဆုံးအပြေးသမား

ဂျမေကာ တာတိုအပြေးသမား အူလ်စိန်ဘော့သည် ယခုနှစ်အတွင်း ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် မီတာ ၁၀၀နှင့် မီတာ ၂၀၀ပြိုင်ပွဲများ၌ ကမ္ဘာ့စံချိန်တင်အဖြစ် အမြန်ဆုံး ပန်းဝင်အောင်ပြေးနိုင်ခဲ့သည်။ ၎င်းသည် မီတာ ၁၀၀ပြိုင်ပွဲတွင် ၉ဒသမ၅၈ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့ပြီး ကမ္ဘာ၌ အမြန်ဆုံး အပြေးသမားဖြစ်လာသည်။ ထို့အပြင် အူလ်စိန်ဘော့သည် မီတာ၂၀၀ ပြေးပွဲတွင်လည်း စံချိန်၁၉ဒသမ၁၉ စက္ကန့်ဖြင့် အမြန်ဆုံးပြေးနိုင်ခဲ့သည်။

၂၀၀၉ ခုနှစ် ဒဗလျူဘီစီ ဟဲဗီးဝိတ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ဗီတာလီကလစ်ရှကို



ယူကရိန်း လက်ဝှေ့ကျော် ဗီတာလီကလစ်ရှကိုသည် ယခုနှစ် စက်တင်ဘာ ၂၇ရက်က ဒဗလျူဘီစီ ဟဲဗီးဝိတ် ကမ္ဘာ့လက်ဝှေ့သရဖူကို ရယူနိုင်ရေးအတွက် ပြိုင်ဘက် ခရစ်အရီယိုလာနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ၂၇ပွဲ ရှုံးပွဲမရှိသောအရီယိုလာကပြိုင်ပွဲတစ်လျှောက်လုံးတွင် အသာစီးမှ ထိုးသတ်ပြီးပြိုင်ပွဲကို စိုးမိုးထားခဲ့သော်လည်း ၁၀ချီအရောက်တွင်မူ အရီယိုလာ သည် ကြိုးဝိုင်းထောင့်၌ ချောင်ပိတ်မိခဲ့သည်။ အရီယိုလာအနေဖြင့် ကလစ်ရှ ကိုအား ၁၁ချီအထိ ဆက်လက်ယှဉ်ပြိုင် ထိုးသတ်လိုသော်လည်း ၎င်း၏ဆရာ ဟင်နရီရာမီရက်ဇ်က အထိနာနေသည့် တပည့်ဖြစ်သူ အရီယိုလာအား ပွဲကို အဆုံးသတ်စေခဲ့သဖြင့် ဗီတာလီကလစ်ရှကိုသည် ၂၀၀၉ ခုနှစ် ဒဗလျူဘီစီ ကမ္ဘာ့လက်ဝှေ့ချန်ပီယံဖြစ်လာသည်။

၂၀၀၉ ခုနှစ် ဒဗလျူဘီအေ ဟဲဗီးဝိတ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ဒေးဗစ်ဟာရေး

ဗြိတိန်လက်ဝှေ့ကျော် ဒေးဗစ်ဟာရေးသည် ယခုနှစ် နိုဝင်ဘာ၇ရက်က ဂျာမနီနိုင်ငံ နုရင်ဘတ်မြို့၌ ဒဗလျူဘီအေ ဟဲဗီးဝိတ် သရဖူလုပွဲတွင် ရုရှားနိုင်ငံမှ လက်ဝှေ့သမား နီကိုလေဗာလူယက်ဗ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ အသက် ၂၉နှစ်ရှိ လန်ဒန်မြို့သား ဟာရေးသည် အရပ်ခုနစ်ပေရှိ ပြိုင်ဘက်လက်ဝှေ့သမား ဗာလူယက်ဗ်ကို လက်သီးမိုး ရွာနိုင်ခဲ့သည်။

ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်အရ ဒဗလျူ ဘီအေ ဟဲဗီးဝိတ်ကမ္ဘာ့လက်ဝှေ့သရဖူကို လက်ဝယ်ပိုင်ပိုင်ရယူနိုင်ခဲ့သူ လန်ဒန်မြို့သား ဒေးဗစ်ဟာရေးသည် ၂၀၀၃ ခုနှစ်က လက်ဝှေ့လောကမှ အနားယူသွားခဲ့သည့် လင်းနော့စ်လူးဝစ်ပြီးလျှင် ဒဗလျူ ဘီအေ ဟဲဗီးဝိတ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံဆုကို ရရှိခဲ့သည့် ပထမဦးဆုံး ဗြိတိန်နိုင်ငံသား ဖြစ်လာသည်။

အိုင်ဘီအက်ဖ်နှင့်ဒဗလျူဘီအို ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဝလာဒီမီရ်ကလစ်ရှကို

ယူကရိန်းလက်ဝှေ့ကျော် အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဝလာဒီမီရ်ကလစ်ရှကိုသည် ၂၀၀၈ခုနှစ်ဖေဖော်ဝါရီလက ဒဗလျူဘီအို ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ရုရှားလက်ဝှေ့အကျော်အမော် ဆူလ်တန်အီဘရာဂီမော့ဗ်အား နယူးယောက်စီးတီး မက်ဒီဆန် စကွဲယားဂါးဒင်း၌ အကြိတ်အနယ်ယှဉ်ပြိုင် အနိုင်ထိုးသတ်ကာ ဒိုင်များ၏ တညီတညွတ်တည်းဆုံးဖြတ်ချက်ဖြင့် ဝလာဒီမီရ်ကလစ်ရှကိုက လက်ရှိ အိုင်ဘီအက်ဖ် ဟဲဗီးဝိတ် လက်ဝှေ့ဆုခါးပတ်အပြင် အီဘရာဂီမော့ဗ်ထံမှ ဒဗလျူဘီအိုခါးပတ်ကို ရယူနိုင်ခဲ့သည်။ ၂၀၀၉ခုနှစ် ဇွန်လတွင် ဝလာဒီမီရ်ကလစ်ရှကိုသည် ဂျာမနီနိုင်ငံတွင် လက်ဝှေ့ကျော် ရုဆလန်ချာ ဂါအက်ဗ်အား ယှဉ်ပြိုင်ထိုးသတ်ကာ ၎င်း၏ သရဖူနှစ်ခုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

၂၀၀၉ခုနှစ် အကောင်းဆုံး ပရီမီယာလိဂ်ဘောလုံးအသင်း

၂၀၀၉ခုနှစ် အကောင်းဆုံး ပရီမီယာလိဂ်ဘောလုံးအသင်းအတွက် ကစားသမားအမည်စာရင်းများကို ထုတ်ပြန်ရာတွင်-ဂိုး-ဂျိုးဟတ် (ဘာမင်ဂမ်)၊ နောက်တန်း-ရစ်ချပ်ဒွန်း(ဗီလာ)၊ တယ်ရီ(ချယ်လ်ဆီး)၊ အီဗရာ(မန်ယူ)၊ စတီဗင်ကား(ဘာမင်ဂမ်)၊ အလယ်တန်း-ဖလက်ချာ(မန်ယူ)၊ ဖာဘရီဂတ်စ်(အာဆင်နယ်)၊ လီနွန်(စပါး)၊ ဘယ်လာမီ (မန်စီးတီး)၊ ရှေ့တန်း-ဒီဖိုး(စပါး) ၊ ဒရော့ဘာ (ချယ်လ်ဆီး) တို့ဖြစ်ကြသည်။

ဆီးဂိမ်းပြိုင်ပွဲ

(၂၅) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဒီဇင်ဘာ ၉ရက်မှ ၁၈ရက်အထိကျင်းပခဲ့ရာ ထိုင်းနိုင်ငံက ရွှေ ၈၆၊ ငွေ ၈၃နှင့် ကြေးတံဆိပ် ၉၇ဆုဖြင့် ဆုတံဆိပ်အများဆုံး ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ ၁၂၊ ငွေ ၂၂နှင့် ကြေးတံဆိပ် ၃၇ဆု ဆွတ်ခူးခဲ့သည်။

ကိုးကား-အင်တာနက်

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သံလွင်လမ်းနေ
ဒေါက်တာခင်မောင်သိမ်းနှင့် ဒေါက်တာညိုညိုဦး(ဆေးရုံအုပ်ကြီး-ငြိမ်း)တို့၏ သားကြီး

မောင်ကျော်လှဝင်း

B.E(Mechanical)Yangon Technological University
M.Sc(Mechanical Engineering) (National University of Singapore)
Project Engineer CB & I Lummus Global,Singapore

နှင့်
နေပြည်တော်နေ
ဗိုလ်မှူးကြီးတင်ငွေ(ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)နှင့် ဒေါ်ခင်မြချစ်တို့၏ သမီးငယ်

မမေသူလှိုင်

B.Com(Yangon Institute of Economics)
B.Sc (Hons:)in Applied Accounting (Oxford Brokes University,UK)
ACCA(Professional Level) (Kaplan,Singapore)

တို့၏ ၂၆-၁၂-၂၀၀၉ရက်(စနေနေ့)တွင် Sedona Hotel ၌ ကျင်းပပြီးစီးခဲ့သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာညည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံ့အကြီးအကဲများနှင့် မိသားစုများ၊ စုလျားရစ်ပတ်လက်ထပ်ခါ ဘိသိက်သွန်းလောင်း ထိမ်းမြားပေးခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)နှင့် ဇနီး ဒေါ်စန်းစန်းရီ၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ နှစ်ဖက်မိဘများ၏ ဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဆရာဦးသင်မြင့်သန်း၊ မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာညည့်ခံပွဲကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ကျော်လှဝင်း-မမေသူလှိုင်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ခန့်ထားရန်)

ဖွေးဖွေးကုမ္ပဏီလီမိတက်မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ General Manager (အထွေထွေမန်နေဂျာ)	1- Post
၂။ Account (စာရင်းကိုင်)	1- Post
၃။ Computer ကျွမ်းကျင်(LCCI)အောင်မြင်ပြီးသူ	1- Post
၄။ စာရင်းစစ်	1- Post
၅။ သန့်ရှင်းရေးဝန်ထမ်း	1- Post
၆။ လုံခြုံရေး	2- Posts

မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ လေဘာမိတ္တူတို့နှင့်အတူ ဤကြော်ငြာသည့်ရက်မှ ၁၀ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ ။ ဖွေးဖွေးဆောက်လုပ်ရေးမိသားစု ကုမ္ပဏီလီမိတက်
အမှတ် ၆၀၊ ရွာမကျောင်းလမ်း၊ ၁ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၇၀၅၅၅၆၊ ၀၉-၈၀-၃၁၄၇၅၊ ၀၉-၅၁-၃၈၂၉၈။



အမည်ပြောင်း

အဖ ဦးကိုကို၏ သမီး မြောက်ဥက္ကလာ အထက(၃) Grade 11 (J) မှ မဇင်မြင့်မိုရ်အား မကြယ်စင်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မကြယ်စင်လင်း။**



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏လုပ်ငန်းသုံးအတွက် ဘိလပ်မြေ(Portland Cement)တန် ၅၀၀၀ (တန်ငါးထောင်တိတိ)ကို ရန်ကုန်ဆိပ်ကမ်းအရောက် CIF/US $ စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၄-၁-၂၀၁၀ရက် ညနေ ၄နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရှေ့ ပန်းသီတာဥယျာဉ်အတွင်း အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြက်နှင့် ချုံနွယ်များ ရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးတင်မြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

တစ်ပြည်လုံးတွင် သာယာနေမည်

နေပြည်တော် ဒီဇင်ဘာ ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူအချိန်များမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၉ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်း၊ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပညာရေးစုံညီပွဲတော်

နိုင်ငံတစ်ဝန်းလုံးရှိအခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲစို့။

၂၀၁၀ခုနှစ်၊ ဇန်နဝါရီလ ၁ရက်မှ ၃ရက်

SCHOOL FAMILY DAY
1-3 January, 2010

ကျေးလက်ရေပေးရေး ရေတွန်းစက်ရုံ စစ်ဆေး

ညောင်ဦး ဒီဇင်ဘာ ၃၀

ညောင်ဦးမြို့ နတ်သမီးကမ်းပါးမှ ဧရာဝတီမြစ်ရေကို ရယူ၍ ကျေးရွာ ၉၈ ရွာသို့ ပေးဝေလျက်ရှိသည့် မြင်းကောင်ရေ ၂၆၈ရှိ ရေတွန်းစက် နှစ်လုံး လည်ပတ်မှု အခြေအနေကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုးတို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို ပန်းတောင်ယ် ကျေးလက်ကျောက်ချောလမ်းဖွင့်

တောင်တွင်းကြီး ဒီဇင်ဘာ ၃၀

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒီဇင်ဘာ၂၉ ရက်က တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ပန်းတောင်ယ် ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် အဖွဲ့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆောင်ရွက်

အဆိုပါ ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၁၀၀၀နှင့် အကျယ် ၁၂ပေရှိပြီး တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က စုစုပေါင်းငွေကျပ် ၅၄၀၀၀၀၀ခန့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ကောဒသမအကြိမ် နှစ်ပတ်လည် အစည်းအဝေး အထိမ်းအမှတ်အဖြစ် ကျင်းပသော မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၉-၂၀၁၀ကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်မှစ၍ ၄ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၁၀နာရီအထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဈေးပွဲတော်တွင် ရေထွက်ပစ္စည်းမျိုးစုံ ပြခန်းများခင်းကျင်းပြသပြီး ဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကုန်သည်စက်မှုအသင်းချုပ်တွင် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (ဇန်နဝါရီ/၂၀၁၀)ကို ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ကျင့်ဝတ်ညီသော ခေါင်းဆောင်မှုနှင့် ကျင့်ဝတ်ညီသော အဖွဲ့အစည်း Ethical Leadership, Ethnical Organization ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲသို့ ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မြိတ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်မြို့ မြိတ်အသင်း၏ ၂၀၀၈-၂၀၀၉ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းရှိ ယုဇနပလာဇာ ခန်းမဆောင်ကြီး၌ ကျင်းပရာ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန်(ပထမဆင့်) ယုဇနဦးငွေမြင့်က ကြိုဆိုနှုတ်ခွန်းဆက်အဖွင့်အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် စေတနာရှင်အလှူရှင်များက မြိတ်အသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဖေဝင်းက အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားကာ ဦးမြဘူးက နာရေးထောက်ပံ့ကြေးအဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးငွေမြင့်က ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် TOP TEN စာရင်းဝင်များ(အပေါ်ပုံ)၊ ဘာသာစုံဂုဏ်ထူးရှင်များနှင့် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပြီး ရာသက်ပန်အသင်းဝင်လက်မှတ်ပေးအပ် ဂုဏ်ပြုကာ ဥက္ကဋ္ဌ ဦးငွေမြင့်အထွေထွေ အတွင်းရေးမှူး ဦးတင်ဝမ်းနှင့် ဘဏ္ဍာရေးမှူး ဦးထွန်းရှိန်တို့ ဦးဆောင်သည့် ၂၀၀၉-၂၀၁၀ခုနှစ် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ညောင်တုန်းမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၇၁)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဧရာဝတီတိုင်း မွေ့ရာ၌ Happy World မျက်လှည့် ဖျော်ဖြေပွဲနှင့်အတူ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အသင်းသားအသင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကန်တော့ခံ သက်ကြီးများ၏ အမည်စာရင်း၊ ၂၀၀၉ ခုနှစ် အခြေခံပညာ အထက်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်တို့၏ သားသမီးများ အမည်စာရင်းတို့ကို အမှတ်စာရင်း၊ ဂုဏ်ထူးရဘာသာ၊ စာဖြေဌာန၊ ကျောင်းထောက်ခံချက်၊ ဓာတ်ပုံနှစ်ပုံတို့နှင့်အတူ ၂၀၁၀ခုနှစ် ဇန်နဝါရီ၅ ရက်နောက်ဆုံးထား၍ အသင်းတိုက် ဖုန်း-၃၈၀၁၀၆၊ ဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၆၄၁၄၃၅၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကျော် ဖုန်း-၅၆၅၄၇၉၊ ၀၉-၅၁-၁၄၁၂၅နှင့် အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း-၂၀၃၅၀၁၊ ၀၉-၅၁-၄၉၀၆၃ တို့သို့ ဆက်သွယ်ပေးပို့ကြရန် ဖိတ်ကြားထားသည်။

(မြန်မာ့အလင်း)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရွှေပြည်သာ၌ ဖွင့်လှစ် စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ဗိုလ်ချိန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး (အပေါ်ပုံ) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းချစ်တို့က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာဌားကတ်စနစ် ကျင့်သုံးရေးတို့ကို ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် တောင်ဖီလာကျေးရွာနှင့် ကဟန်းကျေးရွာချင်း ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းဆောင်ရွက်ရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို ဒီဇင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကွင်းဆင်း ကြီးကြပ်စစ်ဆေးစဉ်။

(မြို့နယ်/စည်ပင်)

ဒဿနိကဗေဒကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒ ကျောင်းသားဟောင်းများ၏ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၉ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဒေါက်တာတင်ဝင်းအောင် ပါမောက္ခ ဌာနမှူး ဖုန်း-၅၃၅၇၂၉၊ ဒေါက်တာသက်သက်နိုင် ဖုန်း-၆၁၆၃၀၃၊ ၀၉-၅၀-၁၅၈၉၃၊ ဒေါ်မြသီ ဖုန်း-၅၇၇၈၆၃၊ ဆရာနန္ဒာသိန်းဇံ ဖုန်း-၀၉-၅၁-၆၃၄၆၁၊ ဦးသန်းအောင် ဖုန်း-၇၂၃၇၂၄၊ ဦးငွေထွန်းဦး ဖုန်း-၀၉-၅၂-၀၁၂၇၁၊ ဦးကျော်လေး ဖုန်း-၀၉-၅၁-၂၉၁၁၇၊ ဦးဝဏ္ဏ ဖုန်း-၅၇၉၂၄၄၊ ဦးသက်ဟန်ဖုန်း-၀၉-၅၀-၁၈၈၄၃၊ ဦးအုန်းစိန် ဖုန်း-၀၉-၈၆-၁၃၃၇၀၊ ဦးငြိမ်းချမ်းအောင် ဖုန်း-၀၉-၅၅-၀၀၅၂၉နှင့် ဒေါ်ခင်သန်းညွန့် ဖုန်း-၀၉-၅၀-၄၆၈၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ မြဝတီ၌ ကျင်းပ

မြဝတီ ဒီဇင်ဘာ ၃၀

မြဝတီခရိုင် မြဝတီမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် လူမှောင်ခိုကူးခြင်းအကြောင်း ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၂ ရက်က မူလွန်(၂) မြဝတီကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်အေးက မှုခင်းကျဆင်းရေး သိကောင်းစရာများ ပညာပေးဟောပြောပြီး (အပေါ်ပုံ) ယာဉ်စည်းကမ်းအကြောင်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမြင့်သန်းက ဟောပြောသည်။

ပညာပေးဟောပြော

ဆက်လက်၍ မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်တားဆီးရေးအကြောင်းကို အဖွဲ့ခေါင်းဆောင် ရဲအုပ်လှဝင်းကလည်းကောင်း၊ လူမှောင်ခိုကူးခြင်းအကြောင်းကို ရဲအုပ်ထွန်းထွန်းက လည်းကောင်း၊ လမ်းကူးနည်း၊ စက်ဘီးစီးခြင်း၊ ဆိုင်ကယ်စီးခြင်းအကြောင်းကို ယာဉ်ထိန်းတာဝန်ခံဒုရဲအုပ်ဝင်းဟန်ကလည်းကောင်း ပညာပေးဟောပြောကြသည်။ အလားတူ မူလွန်(၁)မြဝတီ၊ မူလွန်(၃)မြဝတီ၊ မူလွန်(၄)မြဝတီကျောင်းများတွင်လည်း ပညာပေးဟောပြောကြသည်။ (၁၀၁)

ရန်ကင်းမြို့နယ် အရန်မီးသတ် ဒုတိယတပ်ရင်းမှူးမျိုးမြင့်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြေစိုက်ပိုစတာများ စိုက်ထူခြင်းကို ဒီဇင်ဘာ ၂၇ရက်က (၁၁)ရပ်ကွက်၌ ကျင်းပရာ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်မီးဘေး ကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်မီးသတ်ဌာနမှူး ရဲသူရိန်သိန်းမြင့် နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ (၁၇၀)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး မြောက်ဥက္ကလာပ၌ ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းဖွင့်လှစ်ပြီးသော စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက်ကွင်းဆင်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၅ ရက်က (စ)ရပ်ကွက် ပညာဂုဏ် စာကြည့်တိုက်၌ ဆောင်ရွက်ခဲ့ရာ ရှေးဦးစွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်ကိုယ်ပိုင်မြေ၊ကိုယ်ပိုင်အဆောက်အအုံရရှိရေး၊ ဝင်ငွေရသော စာငှားကတ်စနစ်ကျင့်သုံး၍ စာအုပ်စာစောင်တိုးပွားအောင် ဆောင်ရွက်ရေး၊ ရပ်ကွက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာကြည့်တိုက်ကိုအသုံးပြုသည့် အလေ့အကျင့်ရရှိလာအောင် စည်းရုံးဆောင်ရွက်ရေးတို့ကို ဟောပြောဆွေးနွေးပြီး(ယာပုံ) စာကြည့်တိုက်မှူး ဒေါ်ခင်ဌေးကြည်က စာငှားကတ်စနစ်တွင် ကတ်ကိုအသုံးပြု၍ စာကြည့်တိုက်ရန်ပုံငွေရရှိအောင် ဆောင်ရွက်မည့်အကြောင်းတို့ကို ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

သန်လျင်စည်ပင် မြို့မဈေး၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

သန်လျင် ဒီဇင်ဘာ ၃၀

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများမီးလောင်ဆုံးရှုံးမှု မရှိစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်လေ့ကျင့်ခြင်းများကို ဒီဇင်ဘာ ၁၅ရက်က မြို့မဈေးကြီး၌ကျင်းပရာ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အဖွဲ့ဝန်ထမ်းများ၊ ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဝင်းဝင်း၊ မြို့နယ်ဦးစီးမှူး ဦးထွန်းလင်း ဦးဆောင်သည့် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးအောင် ဦးဆောင်သည့် ဈေးသူဈေးသားများ ပူးပေါင်း၍ ကြိုတင်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို နိုဝင်ဘာ ၂၃ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်နှင့် မူလတန်းကြိုကျောင်း မအီမြို့၌ ပန္နက်တင်ပွဲကျင်းပ

မအီ ဒီဇင်ဘာ ၂၀

မအီမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် မူလတန်းကြိုကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ရက် နံနက်၉နာရီက အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းရှိမြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်္ဂလာပန္နက်တိုင်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးကျော်က လည်းကောင်း၊ ဒုတိယပန္နက်တိုင်ကို စခန်းမှူးရဲအုပ်ဖေသိန်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ပန္နက်တိုင်များ စိုက်ထူကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ပြန်/ဆက်လုပ်ငန်းနှင့် စာကြည့်တိုက်တည်ဆောက်ရေး သတ်မှတ်ကာလပြီးစီးရေး ညှိနှိုင်းစည်းဝေး

ကန်ပက်လက် ဒီဇင်ဘာ ၂၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလုပ်ငန်းနှင့် စာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်း သတ်မှတ်ကာလအတွင်းပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၃ရက် နံနက် ၈နာရီက ကန်ပက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မင်းတပ်ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက နိုင်ငံတော်မတည်ငွေဖြင့် ကန်ပက်လက်မြို့နယ် ကျင်ဒွေးရွာ စံပေါ်ရီးစာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်းကို သတ်မှတ်ကာလအတွင်း ညွှန်ကြားထားသည့် စံချိန်စံညွှန်း ပြည့်မီအောင်ဆောက်လုပ်ပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးလိန်းကီးနှင့်ဝန်ထမ်းများက မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်ဦးစီးအရာရှိက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၇) ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ရွှေတိဂုံဘုရားလမ်းအတွင်း ရပ်ကွက်ဥက္ကဋ္ဌ ဦးနန်းညွှန့်ဝင်းမော် ဦးဆောင်ကာ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာလ လမ်းလျှောက်ပွဲ ကျောက်တော်၌ စုပေါင်းဆင်နွှဲ

ကျောက်တော် ဒီဇင်ဘာ ၂၄

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက်၅နာရီက မြို့နယ်သာသနာ့ဗိမာန်ရှေ့စုရပ်မှ နယ်မြေခံ တပ်နယ်အဝင်လမ်းဆုံအထိ စုပေါင်းလမ်းလျှောက်ကြရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးသိန်း၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အားကစားမှူးနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား ၂၃၀၀ကျော် တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၁၀ ရက်က မောင်တော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သာယာလှပရေးအတွက် မြို့လယ်ပန်းအလှစိုက်ခင်းတွင် ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးနေမှုကို အမှုဆောင် အရာရှိဦးဌေးဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဂန္ထဝင်ကျေးရွာစာကြည့်တိုက် ကျောင်းကုန်း၌ဖွင့် စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူ

ကျောင်းကုန်း ဒီဇင်ဘာ ၂၅

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ဒီဇင်ဘာ ၁၃ရက်က လူသန့်ချောင်ကျေးရွာ ဂန္ထဝင်စာကြည့်တိုက် အဆောက်အအုံ ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင် စိုက်ထူပွဲကျင်းပရာ စာကြည့်တိုက် အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးအေးကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုနှင့် ကျေးရွာဥက္ကဋ္ဌဦးသန်းဦး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ဆက်လက်ပြီး စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲကျင်းပရာ ရန်ကုန်မြို့နေ အလှူရှင်ဦးသိန်းစိန်-ဒေါ်ခင်ခင်ဝင်းကိုယ်စား ကျောင်းကုန်းမြို့ အမှတ်(၃)နေဦးသန်းညွှန့်က သုတ ရသစာအုပ် ၂၇၀၊ ကျောင်းကုန်းမြို့ အမှတ်(၂)နေ ဦးမျိုးမြင့် မိသားစုက သုတ ရသစာအုပ် ၂၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ ရသစာအုပ် ၁၀၀၊ အမှတ်(၁) ဘဝပန်းတိုင်စာကြည့်တိုက်ကဂျာနယ်စုံ စာအုပ် ၂၀၀ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

ထို့နောက်စာကြည့်တိုက်ငွေပဒေသာပင် အတွက် ဌာနဆိုင်ရာမှ စုပေါင်းလှူဒါန်းငွေကျပ်နှစ်သောင်းနှင့် ကျေးရွာအလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် မြကန်သာပန်းခြံ၌ ဆောင်ရွက်သော ဘဲစားမြက်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နီနီအောင်က အမှုဆောင်အရာရှိဦးသက်ပိုင်အား ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး

ဖျာပုံ ဒီဇင်ဘာ ၂၇

ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ၂၀ရက်မွန်းတည့် ၁၂နာရီက ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဇော်ဂျီခန်းမ၌ကျင်းပရာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးမင်းဇော် (မင်းဇော်မွန်)က အဖွင့်အမှာစကား ပြောကြားပြီး ဖျာပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီထွန်းက အမှာစကားပြောကြား၍ အမှုဆောင်အဖွဲ့ဝင် ဦးဝေဇင်(ဝေဇင်-ပညာရေး)က လုပ်ငန်းအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းသည်။

အမှုဆောင်ရွေးချယ်

ဆက်လက်၍ သဘာပတိ ဦးသောင်းညွှန့်(သတင်းထောက်သောင်းညွှန့်-ဖျာပုံ)က အမှာစကားပြောကြား၍ အမှုဆောင်အဖွဲ့ကို ရွေးချယ်ရာ ဥက္ကဋ္ဌဦးအောင်ဝင်း (သတင်းထောက်အောင်ဝင်း-ဖျာပုံ)၊ အတွင်းရေးမှူး ဒေါ်သူဇာနွယ်(သူဇာနွယ်-ဖျာပုံ)၊ ဘဏ္ဍာရေးမှူး ဦးလှအောင်(မောင်သဲခေါင်)၊ အလုပ်အမှုဆောင်များအဖြစ် ဦးတင့်ဝေ(တင့်ဝေအောင်)၊ ဦးတင်နိုင်ဝင်း (တင်နိုင်ဝင်း-ထမင်းဈေးမြို့)တို့အား ရွေးချယ်တင်မြှောက်ကြသည်။

မိတ်ဆက်စကားပြောကြား

ယင်းနောက်နာယကများအဖြစ် ဦးကျော်မြင့်(မောင်ယဉ်မိုး)၊ ဦးမြင့်နိုင်(မောင်ဇမ္ဗူ)နှင့် ဦးသောင်းညွှန့် (သတင်းထောက် သောင်းညွှန့်-ဖျာပုံ)တို့အား ရွေးချယ်ကြပြီး ဖျာပုံမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်း(သတင်းထောက်အောင်ဝင်း-ဖျာပုံ)က မိတ်ဆက်စကားပြောကြားသည်။ **(အပေါ်ပုံ)** **(၁၃၈)**

ဆားလင်းကြီး အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ဆားလင်းကြီး ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးအထက၏ နှစ် (၅၀)ပြည့် ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အပူဇော်ခံဆရာကြီး ဆရာမကြီးများအတွက် အလှူငွေနှင့်ပစ္စည်းများ ထည့်ဝင်လိုပါက ဦးမော်ကြီး(ရွှေလမင်း၊ ရန်ကြီးအောင် အဆင့်မြင့် သယ်ယူပို့ဆောင်ရေး၊ တောင်ကြီးမြို့) ဖုန်း-၀၈၁-၂၂၅၈၁၊၀၉-၅၂၁၃၂၅၁ နှင့် ဦးနေဝင်း (ဥက္ကဋ္ဌ၊ ရွှေရတုနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ၊ ဆားလင်းကြီးမြို့)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(ပညာရေး)***

သံတွဲမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် အဓိကရေထုတ်မြောင်းဖြစ်သည့် ဇီးချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

တွန်းဇန် မြန်/ဆက် စာကြည့်တိုက်ပြီးစီးရေး တွေ့ဆုံဆွေးနွေး

ဖလမ်း ဒီဇင်ဘာ ၁၃

ဖလမ်းခရိုင် တွန်းဇန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတွလ်ဆွင်းဗန်သည် ရပ်/သံ-၃ ဦးထန်ဇလျန်းနှင့် နိုဝင်ဘာ ၂၉ရက် မွန်းလွဲ ၂နာရီက နိုင်ငံတော် မတည်ငွေဖြင့် တည်ဆောက်မည့် တွန်းဇန်မြို့နယ် မွာလ်ပီး ကျေးရွာ မွလ်ပီးစာကြည့်တိုက် တည်ဆောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမိုးဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးဇုန် တက္ကသိုလ်နှင့် ဒီဂရီကောလိပ် ဘောလုံးပြိုင်ပွဲဖွင့်

မကွေး ဒီဇင်ဘာ ၂၉

၂၀၀၉-၂၀၁၀ပညာသင်နှစ် မကွေးဇုန် တက္ကသိုလ်၊ ဒီဂရီကောလိပ် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက် ၇နာရီက မကွေးတက္ကသိုလ် ဘောလုံးအားကစား ပြိုင်ကွင်း၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မကွေးခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မကွေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဒေါက်တာအေးကျော်နှင့် ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ လက်ထောက်ကထိကများ၊ နည်းပြဆရာ ဆရာမများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများ၊ အသင်းအုပ်ချုပ်သူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်မကွေးဇုန်တက္ကသိုလ်၊ ဒီဂရီကောလိပ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ မကွေးတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်ဒေါက်တာအေးကျော်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ငှင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားအဓိဋ္ဌာန်ရွတ်ဆိုကြပြီး မကွေးတက္ကသိုလ် အမျိုးသမီးဘောလုံးအသင်းနှင့် ပခုက္ကူတက္ကသိုလ် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ယှဉ်ပြိုင်ကစား

အဆိုပါ ၂၀၀၉-၂၀၁၀ခုနှစ် မကွေးဇုန်တက္ကသိုလ်၊ ဒီဂရီကောလိပ် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲသို့ မကွေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ ရေနံချောင်းဒီဂရီကောလိပ်တို့မှ အမျိုးသား၊ အမျိုးသမီး ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေပေးရေးဌာနရှိ မြို့ရေပေးရေး စက်ရေတွင်းအမှတ်(၂) ပန့်မော်တာ တပ်ဆင်ခြင်းကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းနိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော ကျုံကကျေးရွာတွင် လက်တူးတွင်း အဆင့်မြှင့်ခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၇၆)

မီးဘေးကာကွယ်ရေး ဆင်ပေါင်ဝဲ၌ ဆောင်ရွက်

ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၈

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့ နိုဝင်ဘာ ၂၁ရက်က ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း သန့်ရှင်းသာယာရေး ယင်လုံဆန်ခါဖြင့် ရောင်းချရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

စာဖတ်ရှုန် မြှင့်တင်ရေး ကျောက်တလုံးကြီး၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ကျောက်တလုံးကြီး ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရပ်သံကျွမ်းကျင်-၃ ဒေါ်နှင်းရီတို့သည် နိုဝင်ဘာ ၁၉ရက် နံနက် ၉နာရီကနားဟီးကျေးရွာအုပ်စု ဝါးလှကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ စာဖတ်ရှုန်မြှင့်တင်ရေးအတွက်နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စတုတ္ထတန်းကျောင်းသား ခွန်ဇော်မြင့်က ရွှေသွေးဂျာနယ်အတွဲ(၄) အမှတ်(၃၃)မှ တိုးကိုကိုဝင်း၏ လုံ့လမှန်မှန်ပြုကျင့်ရန်ကဗျာကို ဖတ်ကြားပြီး စတုတ္ထတန်းကျောင်းသူ နန်းနီလာက ဒို့ကျေးရွာဂျာနယ် အတွဲ(၅) အမှတ်(၂၂)မှ တမာရွက်သည် အူမကြီးကင်ဆာတိုက်ဖျက်နိုင်သည်ကို ဖတ်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံ အာစရိယပူဇော်ပွဲကျင်းပမည်

ပွင့်ဖြူ ဒီဇင်ဘာ ၂၆

ပွင့်ဖြူမြို့ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံတို့တွင် တာဝန် ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားသည့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၅ရက်ထက် နောက်မကျစေဘဲ ကျောင်းအုပ်ဆရာမကြီး(စိုက်/သိပ္ပံ) ဖုန်း-၀၆၃-၆၀၀၂၀၊ ဦးအောင်ဖေကြည် ဖုန်း-၀၉-၆၅၀၈၁၈၄၊ ဦးတင်ထွန်း ဖုန်း-၀၆၃-၆၀၂၄၆၊ ဦးမျိုးမင်းဦး ဖုန်း-၀၆၃-၆၀၀၀၇၊ ဒေါ်ရီရီချို ဖုန်း-၀၆၅-၂၁၁၈၄၊ ဒေါ်ကေသီ ဖုန်း-၀၆၅-၂၁၀၂၇၊ ဒေါ်စုရွှေစင် ဖုန်း-၀၆၃-၆၀၂၁၉နှင့် ဒေါ်စန်းစန်းအေး ဖုန်း-၀၆၃-၆၀၄၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ***(မြို့နယ် ပြန်/ဆက်)***

အမြို့မြို့ အနယ်နယ် သတင်းများ

ပညာ့အားမာန်စာကြည့်တိုက် နှစ်ပတ်လည်နေ့ သုံးခွ၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ညောင်နီကျေးရွာ ပညာ့အားမာန်စာကြည့်တိုက် နှစ်ပတ်လည်နေ့ အခမ်းအနား စာဖတ်ဝိုင်းနှင့် လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၄ ရက်က ယင်းစာကြည့်တိုက်၌ ကျင်းပသည်။

စာဖတ်ဝိုင်း

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွေးက အဖွင့်အမှာစကားပြောကြားပြီး မခိုင်ဝတ်မှုံက ချစ်နိုင်(စိတ်ပညာ)၏ လောကဇာတ်ခုံပေါ်မှာစာအုပ်မှ စာဖတ်ကျင့်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မအေးမြတ်မွန်က ဒီဇင်ဘာလထုတ် ဒို့ကျေးရွာဂျာနယ်မှ စစ်မှန်သောနိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ကြမည်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မစန္ဒာဝင်းက ဒီဇင်ဘာလထုတ် ဒို့ကျေးရွာဂျာနယ်မှ စာကြည့်တိုက်များကိုအခြေခံ၍ စာဖတ်ရှုန် မြှင့်တင်ပေးရန်လိုအပ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားကြ၍ မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေ**(အပေါ်ပုံ)**က ပြန်လည်သုံးသပ်ဆွေးနွေးပြီး စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဇော်ညွန့်က ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် ကျေးရွာနေပြည်သူများက ငွေကျပ်နှစ်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံအုပ် ၅၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (၆)လမ်းထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကိုအငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းလွင်နှင့်အဖွဲ့ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက်က အဆိုပါကျောင်း သဇင်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်နုနုရီက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရသူ မဆုမြတ်နိုးအား ရွှေတံဆိပ်ဆုချီးမြှင့်စဉ်။ (ပညာရေး)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဆီးကျိတ်ကင်ဆာ လူနာများ ကိုယ့်ကိုယ်ကိုသတ်မသေရေး စောင့်ကြပ်ပေးသင့်



ခေတ်မီရောဂါရှာဖွေနည်းနှင့် ကုထုံးနည်းပညာသစ်များကြောင့် ဆီးကျိတ် ကင်ဆာရောဂါဖြင့် သေဆုံးသူဦးရေ လျော့နည်းလာသော်လည်း ဆီးကျိတ်ကင်ဆာ ဝေဒနာရှင် အမျိုးသားများအတွင်း ကိုယ့်ကိုယ်ကို သေကြောင်းကြံ သတ်သေမှုများ ပျံ့နှံ့လာသည်ကို နောက်ဆုံး လေ့လာတွေ့ရှိရသည်။

ယခင် သတိမထားမိသည့် ယင်းအချက်ကို ဂရုပြုကြရန် လေ့လာသူ သုတေသီများက ထောက်ပြလိုက်သည်။

သတ်သေမှု

ဆီးကျိတ်ကင်ဆာရောဂါ ရှာဖွေတွေ့ရှိပြီးနောက် ရရှိလာသော မမျိုသိပ်နိုင်သည့် သောကကြောင့် လူနာအမျိုးသားများမှာ သာမန်ထက် နှလုံးရောဂါ (၁၁)ဆ ပိုဖြစ်ပြီး ကိုယ့်ကိုယ်ကိုသတ်သေမှု ရှစ်ဆ ပိုများလာသည်ကို တွေ့ရသည်ဟု ဆို၏။

အကြံပြု

ထို့ကြောင့် ဆီးကျိတ်ရောဂါရှိကြောင်း ထုတ်ပြောပြီးနောက် လူနာများကို အချိန်အတိုင်းအတာတစ်ရပ်အထိ ရောဂါရှာဖွေသူ ပါရဂူများအနေဖြင့် စောင့်ကြပ်စစ်ဆေးရန် သုတေသီများက အကြံပြုထားသည်။ ။

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) တွင် ဖော်ပြထားပါသည်။

မြန်မာ့အလင်း

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

❖ လွတ်လပ်ရေး၏ ကျေးဇူးရှိနှင့် လွတ်လပ်ရေးဆုံးရှုံးမှု၏ အနိဋ္ဌာရုံများကို ခွဲခြားသိရှိနေကြသည်

ကျော်ဇင်ညွှန့် (တရားရုံးချုပ်ရှေ့နေ)၏ ဆောင်းပါး စာ-၆၊ ၇

❖ နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လျှပ်စစ်ဓာတ်အားများ နှစ်စဉ် တိုးတက်ရရှိရေး ကြိုးပမ်း ထုတ်လုပ်လျက်ရှိ၊ မဝေးတော့သော အနာဂတ်ကာလတွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားများ ဖူလုံပိုလျှံသည့် အခြေအနေသို့ ရောက်ရှိလာမည်

မောင်စောဝင်း၏ သတင်းဆောင်းပါး စာ-၁၊ ၈၊ ၉၊ ၁၀

❖ လွတ်လပ်ရေးပန်း

ခွန်ရဲသွေး (အေးသာယာ)၏ ကဗျာ စာ-၇

❖ အသိတရား

စံဝင်း၏ ကာတွန်း စာ-၇